ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်၊ ကြာသပတေးနေ့၊ (4-12-2014) (၈၀၄၄)

## အေးစေ မြစေ မေတ္တာရေ

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
- မေတ္တာစိတ်ဓာတ်၊ လွှန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး။
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း။
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

# ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဝေမျှပေးရေး၊ လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ကုန်ထုတ်လုပ်ငန်းများ အတွက် ဈေးကွက်ဖန်တီးဖော်ဆောင်ရေးနှင့် အချိန်တိုအတွင်း လုပ်ငန်းများ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ အီဘတ်ဆွန်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂိုခွန်အား လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)



# မေ့ပျောက်၍ရမည်မဟုတ်သည့် သမိုင်းထဲက ရန္တပို

**နှစ်အားဖြင့် တွက်ဆမည်ဆိုပါက နှစ်ပေါင်းရာကျော်ကြာခဲ့ပေပြီ။ သို့သော် မေ့နိုင်ဖွယ်မရှိဘဲ အမှတ်တရ ဆက်ရှိနေဦးမည့် သမိုင်းစာမျက်နှာထက်က နေ့လေးတစ်နေ့ပင်။ ထိုနေ့သည် ပထမအင်္ဂလိပ်-မြန်မာ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည့် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်(၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်နေ့)ပင်ဖြစ်သည်။ယင်းနေ့က ချုပ်ဆိုခဲ့သည့် စာချုပ်ကို ရန္တပိုစာချုပ်ဟုခေါ် ဆိုခဲ့ပြီး ရန္တပိုရွာတွင် ချုပ်ဆိုခဲ့ခြင်းကြောင့် ရန္တပိုစာချုပ်ဟု ဆိုစမှတ်ပြုခဲ့ခြင်းဖြစ်သည်။**

ရန္တပိုစာချုပ်ချုပ်ဆိုရခြင်းမှာ ဘကြီးတော်မင်းတရားခေါ် စစ်ကိုင်းမင်းလက်ထက် ၁၈၂၄ ခုနှစ် မတ် ၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သည့် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲကို စစ်ပြေငြိမ်းစေရေးအတွက် အင်္ဂလိပ်အစိုးရကိုယ်စားလှယ်များနှင့် မြန်မာဘုရင်အစိုးရကိုယ်စားလှယ်များက သက်ဆိုင်ရာနိုင်ငံတို့၏ ကိုယ်စားလက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် (၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်နေ့)တွင် ရန္တပိုစာချုပ်ကို နှစ်ဖက်စုံညီစွာချုပ်ဆိုခဲ့ကြရာ အချက်(၅)ချက်ကို သဘောတူညီ၍ ချုပ်ဆိုခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ အချက်(၅)ချက်မှာ (၁) မြန်မာက ရခိုင်၊ တနင်္သာရီနှင့် အာသံကို ဗြိတိသျှတို့ထံ ပေးရသည်၊ (၂) မဏိပူရ၊ ကချာနှင့် ဂျိန်းတိယနယ်များသို့ မြန်မာတို့ဝင်ရောက်စွက်ဖက်ခြင်း မပြုရ၊ (၃) စစ်လျော်ကြေးငွေ တစ်ကုဋေကို အရစ်ကျပေးဆပ်ရမည်၊ (၄)အင်းဝတွင် ဗြိတိသျှကိုယ်စားလှယ်ထားခွင့်ပြုကာ ကာလကတ္တားတွင် မြန်မာသံ နေခွင့်ပြုသည်၊ (၅) ကူးသန်းရောင်းဝယ်ရေးအတွက် စာချုပ်သီးခြားချုပ်ဆိုမည် စသည့်အချက်များ ပါဝင်သည်။

ရခိုင်နှင့် တနင်္သာရီဒေသကို ရလိုက်ခြင်းဖြင့် နောက်စစ်ပွဲများ ထပ်မံဖြစ်ပွားပါက မြန်မာနိုင်ငံအတွင်းသို့ တစ်ဖက်တစ်ချက်မှ အလွယ်တကူဝင်ရောက်နိုင်သည်ဟု ဗြိတိသျှတို့က ယူဆသည်။ ထို့ပြင် ဒေသနှစ်ခုမှ မကြာမီ အကျိုးအမြတ်များစွာ ခံစားခွင့်ရလိမ့်မည်ဟုလည်း ဗြိတိသျှတို့က မျှော်လင့်ထားခဲ့ကြခြင်း ဖြစ်သည်။ သို့သော် မြန်မာဘုရင်အစိုးရဘက်က ကြည့်လျှင် ဆုံးရှုံးလက်လွှတ်လိုက်ရသည့် နယ်မြေများအတွက် မထောင်းသာလှသော်လည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လက်လွှတ်ခဲ့ရသည်ဟု သိရသည်။

အဆိုပါစာချုပ်ကို မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်တွင် မြန်မာတို့ဘက်မှ စစ်သူကြီး လယ်ကိုင်းမြို့စားဝန်ကြီး မင်းကြီးမဟာမင်းလှကျော်ထင်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ထူးခြားသည့် ညအပူချိန်များ

| | |
|---|---|
| ပင်လောင်းမြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၅ ဒီဂရီစင်တီဂရိတ် |



ကြေးမုံစာတည်းရှုထောင့် ၄-၁၂-၂၀၁၄၊ ကြာသပတေးနေ့

# နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်အောင်

ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာမှုကွာဟချက် လျော့နည်းနိုင်သမျှ လျော့နည်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာမှုကွာဟချက် လျော့နည်းကျဆင်းအောင် နိုင်ငံတော်အစိုးရနှင့် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ ပူးပေါင်းပါဝင်လက်တွဲကာ စီမံချက်အလိုက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရကဖြစ်စေ၊ အဖွဲ့အစည်းများကဖြစ်စေ မည်မျှဆောင်ရွက်ပေးသော်ငြားလည်း ကာယကံရှင် ဒေသခံပြည်သူများကိုယ်တိုင်က ဥစ္စာရင်လို ဥစ္စာရင်ခဲ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်မှသာလျှင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်ပြီးမြောက်မည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်က ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ အကူအညီပေးမည့် ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေးစီမံကိန်း နှစ်ခုအတွက် ပူးတွဲဖိုရမ်ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး မြို့နယ်နှင့်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရမည့် အချက်များကို ထည့်သွင်းပြောကြားခဲ့သည်။

အလုပ်လုပ်သော၊ ကြိုးစားသော ကျေးရွာများကိုရွေးချယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ကျေးရွာကို ဦးဆောင်နိုင်သည့် လူငယ်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကျေးရွာများကလည်း ကိုရီးယားနိုင်ငံနှင့် အခြားမိတ်ဖက်နိုင်ငံများ၏ အတွေ့အကြုံကောင်းများကိုရယူပြီး မိမိနိုင်ငံ၊ မိမိမြို့နယ်၊ မိမိကျေးရွာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြရန် နိုင်ငံတော်သမ္မတက အဆိုပါဖိုရမ်တွင် တိုက်တွန်းပြောကြားထားသည်။

စီမံကိန်းတစ်ခုကို ဖော်ဆောင်ရာ၌ လူ့စွမ်းအားအရင်းအမြစ်များသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပေသည်။ ချမှတ်ထားသော မူဝါဒမည်သို့ပင်ကောင်းသည်ဖြစ်စေ လူ့စွမ်းအားအရင်းအမြစ် စွမ်းဆောင်ရည် အားနည်းနေလျှင် အောင်မြင်မှုရရှိအောင်ဆောင်ရွက်နိုင်မှု နှေးကွေးနေမည်ဖြစ်သည်။ အဆိုပါအချက်ကို ထောက်ရှု၍ အနာဂတ်မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေသည့်အချက်များနှင့် ဆောင်ရွက်ရမည့် အချက်များကို နိုင်ငံတော်သမ္မတကြီးက လမ်းမှန်ညွှန်ပြထားသည်။

နိုင်ငံတော်သမ္မတကြီး ညွှန်ပြခဲ့သည့်အတိုင်း မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း ထူထောင်မည့် စီမံကိန်းကိုကြည့်လျှင်ဖြစ်စေ၊ ကျေးရွာသစ်စီမံကိန်းကို လေ့လာလျှင်ဖြစ်စေ လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်ကောင်းလျှင် ကောင်းသလို တိုးတက်မှုမြန်ဆန်သည်ကို တွေ့ရပါသည်။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သုတေသနအခြေပြုသည့် အဆင့်မြင့်ပညာအပြင် နည်းပညာကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်း ပညာများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်ဘက်ကလည်း ရေရှည်ကြိုတင်ပြင်ဆင်မှုများ၊ ပုဂ္ဂလိကကဏ္ဍအပါအဝင် ဖွံ့ဖြိုးမှုကဏ္ဍအသီးသီး၏ သုတေသနလုပ်ငန်းများနှင့် အဆင့်မြင့်ပညာရေးသုတေသနလုပ်ငန်းများအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် သုတေသနကျွမ်းကျင်သူများ ပေါင်းစည်းကာ အားပေးကူညီလျက်ရှိသည်ကို တွေ့နေရသဖြင့် ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးအောင် ဆောင်ရွက်နိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိလာမည်ဟု ယုံကြည်ထားပါသည်။

ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အစိုးရအနေဖြင့် ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ပေးနေပါသည်။ တောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိစေရန် နိုင်ငံတော်နှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုအားများကိုရယူကာ မိမိဒေသ၊ မိမိရပ်ရွာ၊ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# အခွန်ထမ်းပြည်သူများ အခွန်အကောက်များကို ပေးဆောင်ကြရန်လိုအပ်

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့်မားစေရန်အတွက်ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် အခွန်ဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တိကျစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ၊ အခွန်အကောက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေပါရသင့်ရထိုက်သည့် အခွင့်အရေးများကို အခွန်ထမ်းပြည်သူများက ထဲထဲဝင်ဝင်လေ့လာပြီး ရယူခံစားသွားကြရန်နှင့် အခွန်ထမ်း ပြည်သူများကလည်း ပေးဆောင်သင့်ပေးဆောင်ထိုက်သော အခွန်အကောက်များကို ပေးဆောင်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် နိုဝင်ဘာ ၂၉ ရက်နံနက် ၉ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမ၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများမှ ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်က အခွန်ဆိုင်ရာကိစ္စရပ်များ ပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်များနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်းက အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ၊ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားကြောင်း သိရသည်။


**(ကြေးမုံ)**

# နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Geng Zhiyuan ဦးဆောင်သောအဖွဲ့အား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အသက်မွေးဝမ်းကျောင်း ပညာရေးကဏ္ဍအတွင်း သက်မွေးပညာရေးသင်တန်းကျောင်းများအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ၊ ကျောင်းသားများ ပညာသင်စေလွှတ်နိုင်ရေး၊ ဆရာ ဆရာမများအတွက် ဘွဲ့လွန်သင်တန်းများ တက်ရောက်နိုင်ရေးနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ၊ အကူအညီများ ပေးအပ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၃**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၉၀၀၀ - | ၆၆၀၀၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၉၀၀၀ - | ၆၆၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၁၁၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၈၉၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |


**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၂၇၀. ၇ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၆. ၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၁. ၁၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၈. ၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၆၀၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၈၆၀. ၂၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၉၈၉ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၆၁. ၇၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၂. ၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း







# အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ကမ်းကျိရှန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိရေး၊ မူဆယ်ဒေသအပါအဝင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသင်းအနေဖြင့် ပါဝင်ဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**နိုင်ငံတော်သမ္မတဦးသိန်းစိန် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ ကမ်းကျိရှန်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒေါက်တာသန်းအောင်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် အတွင်းရေးမှူး ဦးမျိုးအောင်တို့လည်း တက်ရောက်သည်။

**(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဌာန စာကြည့်တိုက်ဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိနိုင်ငံခြား ရေးဝန်ကြီးဌာန၌ ကျင်းပသည့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန၏ Academic Research Centre ရန်ကုန်ရုံး၌ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းများလည်းဖွင့်လှစ်ပို့ချလျက်ရှိကြောင်းသိရသည်။

**(ကြေးမုံ)**

## အများအားဖြင့် သာယာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

## တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

## ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဖြည့်ဆည်းဆောင်ရွက်ပေး

**လွိုင်ကော် ဒီဇင်ဘာ ၃**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ က လွိုင်ကော်မြို့သို့ ရောက်ရှိပြီး ကယားပြည်နယ်လွိုင်ကော်မြို့တွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် လွိုင်ကော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များသို့ လိုက်လံကြည့်ရှုခဲ့ကြသည်။

ဆက်လက်ပြီး နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးများက လက်ရှိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ၊ ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအားလုံးက ဝိုင်းဝန်းကူညီဖော်ဆောင်ရေး၊ ပညာရေး ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူများလိုလားတောင့်တနေသည့် မျှော်လင့်ချက်များအကောင်အထည်ဖော်ဆောင်ရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် အားလုံးပါဝင်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ တွေ့ဆုံပွဲသို့ တက်ရောက်ကြသည့် မြို့နယ်ခုနစ်မြို့နယ်မှ တာဝန်ရှိသူများ၊ အထောက်အကူပြုကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများက ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးလင်းရေး၊ ဆက်သွယ်ရေးစနစ်ကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးနှင့် မိမိတို့မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုအပ်ချက် အခြေအနေများကို အကြံပြု ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်ကြရန်နှင့် ဒေသ၏တိုးတက်နိုင်မည့် အလားအလာများအတွက် လှူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကြိုတင်ပြင်ဆင်ထားကြရန် ထပ်မံအကြံပြုခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများအပါအဝင် စုစုပေါင်း ၃၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတင်းအခြေအမြစ်များကို စိစစ်အတည်ပြုပြီးမှ ပြောဆို

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက်( /၅၀၁၄)**
**၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်**
**၁၃၇၆ ခု၊ နတ်တော်လဆန်း ၁၃ ရက်**

**သတင်းထုတ်ပြန်ချက်**

၁။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းတင်သွင်းသည့် ခြောက်ပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် အရေးကြီးအဆိုကို အတည်ပြုခဲ့ပါသည်။

၂။ ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများအတွင်း၌လည်းကောင်း၊ ပြည်သူများအတွင်း၌လည်းကောင်း ကွဲပြားခြားနားသည့် သဘောထားများကို ထုတ်ဖော်ပြောကြားလျက်ရှိပြီး သတင်းမီဒီယာများကလည်း အဆိုပါ ဆွေးနွေးပြောကြားချက်များကို ဖော်ပြလျက်ရှိပါသည်။

၃။ ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်းတွင် ကွဲပြားခြားနားသည့် အမြင်သဘောထားများကို ထုတ်ဖော်ပြောကြားသည်မှာ ကြိုဆိုရမည့် အချက်ဖြစ်ပါသည်။ သို့သော် နိုင်ငံရေးပါတီအချို့မှ တာဝန်ရှိသူများက ၎င်းတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ပြောကြားရာတွင် နိုင်ငံတော်သမ္မတပြောကြားခြင်းမရှိသည့်စကားများကို နိုင်ငံတော်သမ္မတပြောကြားသကဲ့သို့လည်းကောင်း၊ ၎င်းတို့နှင့် ကွဲပြားခြားနားသည့် အမြင်ရှိသူများကို ပုဂ္ဂိုလ်ရေးအရ ထိုးနှက်တိုက်ခိုက်ရာရောက်သည့်စကားလုံးများကိုလည်းကောင်း သုံးစွဲလာသည်ကို တွေ့ရှိရပါသည်။

၄။ ယနေ့အချိန်ကာလသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်နေသည့် အချိန်ကာလဖြစ်သည့်အလျောက် နိုင်ငံရေးပါတီများအနေဖြင့် သတင်းအခြေအမြစ်များကို စိစစ်အတည်ပြုပြီးမှ ပြောဆိုရန်နှင့် အခြားပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကိုလည်း အလေးထားရန် လိုအပ်မည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

❂ **ရှေ့ဖုံးမှ**

ကျီဝန်အတွင်းဝန်မင်းကြီးမဟာမင်းလှသီဟသူတို့နှင့် အင်္ဂလိပ်တို့ဘက်မှ ကိုယ်စားလှယ်များက မဟာမိတ်ဖြစ်ရေး လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ရန္တပိုစာချုပ် ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်အဖြစ် ရန္တပိုစာချုပ်ချုပ်ဆိုခဲ့သည့်နေရာ၌ ရန္တပိုစာချုပ်အထိမ်းအမှတ်ကျောက်စာတိုင်ကို စိုက်ထူခဲ့သော်လည်း ရေတိုက်စားမှုဒဏ်ကြောင့် မူလစိုက်ထူခဲ့သည့် ရန္တပိုအထိမ်းအမှတ် ကျောက်စာတိုင်သည် ပျက်စီးသွားခဲ့ရသည်။

ရန္တပိုရွာကို အိုးလုပ်သည့်ရွာဟု များသောအားဖြင့် သိထားကြပြီး ယခင်က ရန္တပိုရွာနှင့် ယခုရန္တပိုရွာမှာ ရန္တပိုစာချုပ်ချုပ်ဆိုခဲ့သည့် အထိမ်းအမှတ်မူလကျောက်စာတိုင် မရှိတော့ဘဲ ရန္တပိုစာချုပ်အမှတ်တရကျောက်စာတိုင်အဖြစ် ယခုပြန်လည်စိုက်ထူထားခဲ့သည်မှလွဲ၍ သိသာသောပြောင်းလဲမှုဟူ၍ မရှိသလောက်ပင်။

အညာဒေသဆိုသည့်ဝေါဟာရနှင့်အညီ ရန္တပိုရွာသို့ သွားရာလမ်းတစ်လျှောက်တွင် အညာဒေသ၏ သင်္ကေတများဖြစ်သည့် ထနောင်းပင်၊ တမာပင်၊ ကန္တာရပင်တို့နှင့်အတူ ထန်းပင်ထန်းတောတို့မှာ လွမ်းမောဖွယ်အညာဒေသ၏ ပုံရိပ်ကိုဖော်ကျူးနေစဉ် ကားလမ်းပေါက်၍ ကားဖြင့်သွားခဲ့ရသော်လည်း ဖုန်လုံးကြီးများ တလိမ့်လိမ့်တက်လာနေခြင်းက အညာဒေသ၏ပကတိအသွင်သဏ္ဌာန်ကို ပိုမိုထင်ဟပ်လာစေခဲ့သည်။

**ရန္တပိုရွာသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပြီး ကုန်းလမ်းမှ တစ်မျိုး ရေလမ်းမှတစ်သွယ် သွားလာနိုင်သည့် ရွာကလေးဖြစ်သည်။ ရန္တပိုရွာနှင့် ဧရာဝတီတို့၏ အလှတရားသည် နံနက်အရုဏ်တက်ချိန်နှင့် ညနေ နေဝင်ဆည်းဆာချိန်တို့တွင် ပိုမိုပေါ်လွင်စေခဲ့သည်။ ရန္တပိုရွာသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း တည်ရှိပြီး အင်းဝမြို့နှင့် မိုင် ၄၀၊ မြင်းခြံမြို့နှင့် ခြောက်မိုင်ခန့်ကွာဝေးသည်။ ရန္တပိုရွာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော် ကတည်းကပင် အိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့ကြပြီး လက်ရှိတွင်လည်း အိုးလုပ်ငန်းကိုသာ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်။ အိုးလုပ်ငန်းသည် ရှေးနှစ်ပေါင်း ၅၀၀ ကျော်ကပင် ပေါ်ပေါက်လာခဲ့သည်ဟု ခန့်မှန်းရပြီး အဆိုပါအထောက်အထားများကို တရုတ်နိုင်ငံ၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ရှေးခေတ်အခါက ကမ္ဘာသူကမ္ဘာသားများကဝါးဆစ်တူး၊ သစ်ရွက်၊ ကျောက်ခွက် စသည်တို့ကို ထည့်စရာအဖြစ် သုံးစွဲကြရာမှ အိုးကိုတီထွင်ဖန်တီးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။**

ရန္တပိုရွာသည် အိုးနှင့်ပတ်သက်၍ အမျိုးအစားများစွာ ထုတ်လုပ်လျက်ရှိပြီး ထွက်ရှိသည့် အိုးများကို ယခင်က မန္တလေးသို့သာ တင်ပို့ရောင်းချခဲ့သော်လည်း ယခုတွင်မူ ဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံတစ်ဝန်းသို့ တင်ပို့လာခဲ့ရသည်အထိ ကျယ်ပြန့်လာခဲ့သည်။ အိမ်ခြေ ၂၀၀ ကျော်သာရှိသည့် ရန္တပိုရွာမှ ထွက်ရှိသည့်ရန္တပိုအိုးသည် တိုင်းသိပြည်သိနာမည်ကြီးသောကြောင့် ပြည်တွင်းမှ အိုးလုပ်ငန်းစိတ်ဝင်စားသူများအပြင် ပြည်ပမှလည်း လာရောက်လေ့လာမှုများရှိလာခဲ့သည်။

ရန္တပိုရွာသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင် ရှိသော်လည်း တံငါအလုပ်ကို မလုပ်ဘဲ စီးပွားဖြစ်အိုးလုပ်ငန်းကိုသာလုပ်ကိုင်လျက် အကုသိုလ်အလုပ်ထက် ကံငါးပါးကို ယုံကြည်ကာ အိုးလုပ်ငန်းလုပ်ကိုင်ကြခြင်းကြောင့် စီးပွားဖြစ်ထွန်းလျက်ရှိသည်။ ရေနားနီးသော်လည်း တံငါ(ရေလုပ်ငန်း)အလုပ်ကို မလုပ်ခြင်းသည် ထူးခြားသည့်အချက်တစ်ချက်ဖြစ်ခြင်း၊ အိုးကောင်းထွက်ရှိရေးကိုသာ စေတနာထားလုပ်ကိုင်ခြင်းကြောင့် ရန္တပိုအိုးဟူ၍ နာမည်ရနေခြင်း အပါအဝင် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်က ပထမ အင်္ဂလိပ်-မြန်မာ စစ်ပြေငြိမ်းရေး စာချုပ်ချုပ်ဆိုခဲ့သည့် ရန္တပိုစာချုပ် အထိမ်းအမှတ်ကျောက်စာတိုင် စိုက်ထူခဲ့ရာနေရာဖြစ်ခြင်းတို့ကြောင့် သမိုင်းထဲက သမိုင်း တင်ခဲ့သည့် ရန္တပိုရွာလေးဟုပင် တင်စားလိုက်ချင်ပါသည်။

**နိုင်လင်းကြည်**

## အီဘိုလာရောဂါတိုက်ဖျက်ရေးအတွက် ဒေါ်လာ ခြောက်ဘီလီယံသုံးစွဲရန် အိုဘားမားတိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်သမ္မတ အိုဘားမားက အနောက်အာဖရိကတွင် အီဘိုလာကူးစက်မြန်ရောဂါ တိုက်ဖျက်ရေးအတွက် အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံ သုံးစွဲခွင့်ပြုပေးရန် ကွန်ဂရက်သို့ ယနေ့တိုက်တွန်းခဲ့သည်။

အိုဘားမားက အမျိုးသားကျန်းမာရေးအင်စတီကျူသို့ သွားရောက်လည်ပတ်သည့် ခရီးစဉ်အတွင်း ကွန်ဂရက်သို့ ပန်ကြားခဲ့ခြင်းဖြစ်သည်။ အီဘိုလာ ဗိုင်းရပ်စ်ပိုးကာကွယ်ဆေးရရှိရန် အပတ်တကုတ်ကြိုးစားအားထုတ်ခဲ့သော အမျိုးသားကျန်းမာရေးအင်စတီကျူမှ သိပ္ပံပညာရှင်များကို ချီးကျူးထောပနာပြုခဲ့သည်။



လိုင်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံတို့တွင် အီဘိုလာကူးစက်မြန်ရောဂါကြောင့် လူပေါင်း ၆၀၅၅ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ အီဘိုလာကူးစက်မှုကြောင့် လူအသေအပျောက်များနေသည့် အချိန်တွင် နိုင်ငံတကာအနေဖြင့် ယင်းဗိုင်းရပ်စ်ပိုးကို တိုက်ဖျက်ရန် ပါဝင်ကူညီဖေးမမှုနည်းပါးနေကြောင်း ဆေးပညာဆိုင်ရာ ကူညီပေးရေးအဖွဲ့တစ်ခုက ပြောကြားသည်။

ဆီရာလီယွန်တွင် ဗြိတိန်အစိုးရ၊ လိုင်ဘေးရီးယားတွင် တရုတ်အစိုးရတို့က အီဘိုလာကူးစက်မြန်ရောဂါကာကွယ်ရေးစင်တာများ တည်ထောင်ရန် ကြိုးပမ်းနေကြကြောင်း သိရသည်။

**ဘီဘီစီ။**

## ဒိန်းမတ်သည် ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံဖြစ်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

နိုင်ငံတကာ ထင်သာမြင်သာရှိရေးအဖွဲ့က ၎င်း၏ နှစ်ပတ်လည်အဂတိလိုက်စားမှုအညွှန်းကိန်းကို ယနေ့ထုတ်ပြန်ရာ ဒိန်းမတ်နိုင်ငံက ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှု အနည်းဆုံးနိုင်ငံအဖြစ်တည်ရှိပြီး မြောက်ကိုရီးယားနှင့် ဆိုမာလီနိုင်ငံတို့က အဂတိလိုက်စားမှု အများဆုံးနိုင်ငံများဖြစ်သည်ဟု ဖော်ပြထားသည်။

အညွှန်းကိန်းဇယားတွင် နိုင်ငံပေါင်း ၁၇၅ နိုင်ငံပါဝင်ပြီး ရမှတ်များမှာ သုညမှ ၁၀၀ အထိရှိသည်။ သုညသည် အဂတိလိုက်စားမှုအများဆုံးနိုင်ငံဖြစ်၍ ၁၀၀ သည် အဂတိလိုက်စားမှု လုံးဝမရှိသော နိုင်ငံဖြစ်သည်။

ဒိန်းမတ်က အများဆုံး ၉၂ မှတ်၊ နယူးဇီလန်က ၉၁ မှတ်ဖြင့် ဒုတိယ၊ ဖင်လန်က ၈၉ မှတ်ဖြင့် တတိယ၊ ဆွီဒင်က ၈၇ မှတ်ဖြင့် စတုတ္ထ၊ နော်ဝေက ၈၆ မှတ်ဖြင့် ပဥ္စမဖြစ်ပြီး ဆိုမာလီယာနှင့် မြောက်ကိုရီးယားတို့က ရှစ်မှတ်စီ၊ ဆူဒန်က ၁၁ မှတ်၊ အာဖဂန်နစ္စတန်က ၁၂ မှတ်နှင့် တောင်ဆူဒန်က ၁၅ မှတ် အသီးသီးရရှိကြသည်။

အဆိုပါအညွှန်းကိန်းသည် အစိုးရကဏ္ဍ အဂတိလိုက်စားမှုများအပေါ် ကျွမ်းကျင်သူများ၏ ဝေဖန်ချက်များကို အခြေခံရေးဆွဲထားခြင်းဖြစ်ကြောင်း နိုင်ငံတကာ ထင်သာမြင်သာရှိရေးအဖွဲ့က ပြောသည်။

ပြည်သူလူထုက နိုင်ငံ့ခေါင်းဆောင်များကို ထိန်းထားနိုင်သော ပွင့်လင်းအစိုးရများ အုပ်ချုပ်သောနိုင်ငံများသည် ရမှတ်ကောင်းကြပြီး လာဘ်ပေးလာဘ်ယူမှု လွှမ်းမိုးသော၊ အဂတိလိုက်စားမှုများအား အပြစ်ပေးမှုအားအနည်းဆုံးသော နိုင်ငံများမှာ ရမှတ်နည်းပါးကြောင်း ၎င်းအဖွဲ့က ရှင်းပြသည်။

သုံးပုံတွင် နှစ်ပုံကျော်နိုင်ငံများသည် အမှတ် ၅၀ အောက်ရရှိကြသည်။ အမေရိကန်ပြည်ထောင်စုက ၇၄ မှတ်ရ၍ အဆင့် ၁၇ ၌ ရှိသည်။ ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်တို့တွင် ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှုတို့မှာ အဓိကပြဿနာများဖြစ်ကြသည်။

**ဝိခ်မဂ္ဂဇင်း။**

## ယူကရိန်းနိုင်ငံ၌ နျူကလီးယားစက်ရုံ မတော်တဆမှုဖြစ်ပွား

**ကီယက်ဗ် ဒီဇင်ဘာ ၃**

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ ဇာပိုရီဇာရာ နျူကလီးယားဓာတ်အားပေးစက်ရုံတွင် နိုဝင်ဘာ ၂၈ ရက်က မတော်တဆမှုဖြစ်ပွားပြီးနောက် အဏုမြူဓာတ်ပေါင်းဖိုတစ်ခု ပိတ်ထားခဲ့ရကြောင်း ယူကရိန်းဝန်ကြီးချုပ် အာဆင်နီ ရက်ဆန်ယွန်က ယနေ့ထုတ်ပြန်ကြေညာသည်။



ဒေသခံ သတင်းမီဒီယာတစ်ခုဖြစ်သည့် အင်တာဖက်သတင်းဌာနက မတော်တဆမှုကြောင့် နျူကလီးယားဓာတ်အားပေးစက်ရုံ၏ မဂ္ဂါဝပ် ၁၀၀၀ ထုတ်လုပ်သည့် ဓာတ်ပေါင်းဖိုအမှတ် (၃) တွင်ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းနှင့် မည်မျှပျက်စီးသွားခဲ့သည်ကို မသိရကြောင်း ထုတ်ပြန်ကြေညာသည်။

အဆိုပါ ဓာတ်ပေါင်းဖိုသည် ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ရသည်။ မစ္စတာ ရက်ဆန်ယွန်က ယင်းမတော်တဆမှုနှင့် ပတ်သက်၍ မှတ်ချက်တစ်စုံတစ်ရာ မပေးခဲ့ဘဲ ဆောင်းရာသီကာလအတွင်း ယူကရိန်းနိုင်ငံ ရင်ဆိုင်နေရသည့် လျှပ်စစ်ဓာတ်အားထောက်ပံ့ပေးရေး ပြဿနာများကိုသာ ထုတ်ဖော်ပြောကြားသွားခဲ့သလို အသစ်ခန့်အပ်ထားသည့် စွမ်းအင်ဝန်ကြီးကို မတော်တဆမှုဖြစ်ပွားရခြင်းနှင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြရန် တောင်းဆိုခဲ့သည်။

အဆိုပါ မတော်တဆမှုကြောင့် နျူကလီးယားဘေးအန္တရာယ် ရှိ၊ မရှိ မသိရပေ။ ယူကရိန်းနိုင်ငံသည် လျှပ်စစ်စွမ်းအင်နှင့် ပတ်သက်၍ နျူကလီးယားစွမ်းအင်အပေါ် ၅၀ ရာခိုင်နှုန်း မှီခိုနေရသည်။

**တယ်လီဂရက်ဖ်။**

## စီးကရက်ဈေးနှုန်းမြှင့်ရန် တောင်ကိုရီးယားပါလီမန် အတည်ပြု

**ဆိုးလ် ဒီဇင်ဘာ ၃**

တောင်ကိုရီးယားနိုင်ငံတွင် စီးကရက်သောက်သုံးမှုလျှော့ချရန် ရည်ရွယ်၍ စီးကရက်ဈေးနှုန်း ၈၀ ရာခိုင်နှုန်း မြှင့်တင်ခြင်းကို ပါလီမန်က အတည်ပြုပေးလိုက်ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ယနေ့နှောင်းပိုင်းတွင် ချမှတ်သည့် ၂၀၁၅ ခုနှစ် ဘတ်ဂျက်တွင် ဇန်နဝါရီ ၁ ရက်မှစ၍ စီးကရက်တစ်ဘူးလျှင် ကိုရီးယားသုံးငွေ ဝမ် ၂၅၀၀ (ဒေါ်လာ ၂ ဒသမ ၂၅ )မှ ဝမ် ၄၅၀၀ သို့ ဈေးမြှင့်လိုက်သည်။

တောင်ကိုရီးယားနိုင်ငံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့(အိုအီးစီဒီ)၏ စီးကရက်သောက်သုံးမှုနှုန်း အမြင့်ဆုံးအဖွဲ့ဝင်နိုင်ငံများ၌ ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ပါဝင်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြထားသည်။

၂၀၂၀ ခုနှစ်ခန့်တွင် စီးကရက်သောက်သုံးမှုနှုန်း ၂၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု အစိုးရကမျှော်လင့်သည်။

အိုအီးစီဒီနိုင်ငံများတွင် တောင်ကိုရီးယားသည် စီးကရက်ဈေးနှုန်း အချိုသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၀၄ ခုနှစ်ကတည်းက စီးကရက်ဈေးနှုန်းကို မပြောင်းလဲဘဲ ထားရှိခဲ့သည်။

**ဘီဘီစီ။**

## အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က အိုင်အက်စ်တို့ကို အင်အားချည့်နဲ့စေ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၃**

အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ဖွဲ့သည် ယခုအချိန်ထိ အီရတ်နှင့်ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှုအကြိမ် ၁၀၀၀ နီးပါးပြုလုပ်ကာ အိုင်အက်စ်တို့အား ကြီးမားသည့် ထိခိုက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ကြောင်း၊ သို့သော် အဆိုပါစစ်သွေးကြွများကို တိုက်ခိုက်ရန်မှာ နှစ်ပေါင်းများစွာ ကြာမြင့်နိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့ရဲ့ ကတိကဝတ်ကို နှစ်ပေါင်းများစွာတိုင်အောင် ထားရှိသွားရမှာဖြစ်ပေမယ့် ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေကတော့ သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှုတွေရှိခဲ့ပါတယ်"ဟု အိုင်အက်စ်တို့အား နှိမ်နင်းမည့် ဝါရှင်တန်မြို့တော်တွင် စုဝေးခဲ့သည့် နိုင်ငံပေါင်း ခြောက်ဆယ်ကျော်ပါဝင်သည့် မဟာမိတ်တပ်ဖွဲ့မှ ဝန်ကြီးများ၏ အစည်းအဝေးပထမနေ့တွင် ၎င်းက ဆိုသည်အီရတ်ရှိ အိုင်အက်စ်တို့၏ အရှိန်အဟုန်မှာ အားလျော့သွားခဲ့ကြောင်း၊ အီရတ်တပ်ဖွဲ့များက မူဆိုးလ်နှင့် တီကရစ်ဝန်းကျင်ရှိ နယ်မြေကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည့်အပြင် ရေနံချက်စက်ရုံများ ဝန်းကျင်အထိ လုံခြုံရေးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ဆီးရီးယားရှိ အိုင်အက်စ်တို့၏ ကွပ်ကဲရေးအဆောက်အအုံများမှာ ဖျက်ဆီးခံခဲ့ရကြောင်း ပြောကြားရင်း အိုင်အက်စ်တို့အား တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သည့် အာရပ်နိုင်ငံများ၏ အခန်းကဏ္ဍကိုလည်း ချီးကျူးခဲ့သည်။ ယင်းအစည်းအဝေးတွင် အီရတ်နိုင်ငံမှလွဲ၍ ကူဝိတ်၊ ဘာရိန်းနှင့် မော်ရိုကိုနိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

**ရိုက်တာ။**

## မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ထောက်ခံသူ ၁၈၈ဦးအား အီဂျစ်တရားရုံး သေဒဏ်ချမှတ်

**ကိုင်ရို ဒီဇင်ဘာ ၃**

လွန်ခဲ့သောနှစ်က ကိုင်ရိုမြို့၏ ရဲစခန်းတစ်ခုသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်မှုနှင့်ပတ်သတ်၍ အီဂျစ်တရားရုံးက မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ထောက်ခံသူ ၁၈၀ ကျော်ကို သေဒဏ်အမိန့်ချမှတ်လိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် အီဂျစ်လုံခြုံရေးအဖွဲ့များက မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ ထောက်ခံသူများ၏ သပိတ်စခန်းများအား ဖျက်ဆီးခဲ့သောကြောင့် ဆန္ဒပြသူများက ကာဒါဆာရွာ၏ရဲစခန်းသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်တွင် ရဲအရာရှိ ၁၁ ဦး အပါအဝင် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသည်။ တရားခံ ၁၈၈ ဦး အနက် ၁၄၀ ဦးကို ဖမ်းချုပ်ထားပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော တရားခံများမှာ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း သိရသည်။ ထိုနေ့မှာပင် မင်းယားမြို့တော်၏ ရဲစခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၅၀၀ ကျော်ကို သေဒဏ်ပေးခဲ့သည်။

ဘာသာရေးအစွန်းရောက်သမား သမ္မတဟောင်းမော်စီကို လူအများက မကျေနပ်မှုများကြောင့် ဆန္ဒထုတ်ဖော်မှုများရှိလာပြီး စစ်တပ်ကအာဏာသိမ်းပိုက်ခဲ့သည်။

စစ်ဦးစီးချုပ်ဟောင်းသမ္မတ အဗ္ဗဒူဖာတာ အယ်စီစီသည် ဖြုတ်ချခြင်းခံရသော သမ္မတ မိုဟာမက်မော်စီ၏ မွတ်စလင်ထောက်ခံအားပေးသူအစ္စလာမ်မစ်များအား တိုက်ခိုက်ခြင်းအပေါ် ပြင်းထန်စွာ ရှုတ်ချခြင်းခံနေရသည်။

**ဘီဘီစီ။**



## ပြည်တွင်းဖြစ် ဂျက်တိုက်လေယာဉ်များ ပါကစ္စတန်လေတပ်၌ ဖြန့်ကြက်

**ကရာချိ ဒီဇင်ဘာ ၃**

ပါကစ္စတန်နိုင်ငံပြည်တွင်း၌ တည်ဆောက်သည့် ဂျက်တိုက်လေယာဉ်များကို ယင်းနိုင်ငံ၏ လေတပ်တွင် စတင်ဖြန့်ကြက်ပြီဖြစ်ကြောင်း ပါကစ္စတန်လေကြောင်းပျံသန်းမှု နည်းပညာကုမ္ပဏီအကြီးအကဲက ဒီဇင်ဘာ ၃ ရက်တွင် ပြောကြားသည်။

ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော ဘက်စုံသုံး ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ်အစင်း ၅၀ ကို ပါကစ္စတန် လေတပ်တွင် စတင်အသုံးပြုလျက်ရှိပြီး ဒုတိယအသုတ် တိုက်လေယာဉ်များပေးပို့မှုကို ယခုလအတွင်း စတင်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ပါကစ္စတန်လေကြောင်းပျံသန်းမှု နည်းပညာကုမ္ပဏီအကြီးအကဲ လေတပ်ဗိုလ်ချုပ်ဂျာဗက်အာမက်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ၂၀၀၉ ခုနှစ်မှစ၍ ဂျေအက်ဖ်-၁၇ အမျိုးအစား တိုက်လေယာဉ်များကို ထုတ်လုပ်နိုင်ရန် တရုတ်နိုင်ငံ ချန်ဒူးလေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း ကော်ပိုရေးရှင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်မှာ နှစ်စဉ်အမျိုးသားဝင်ငွေ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိပြီး ပညာရေးနှင့် ကျန်းမာရေးအသုံးစရိတ်ငွေများထက် ပိုမိုသာလွန်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

✱ နှစ်စဉ်မှ

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ဦးသိန်းဝင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်မှပညာရှင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်စဉ်ရသုံးမှန်းခြေရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## မလေးရှားဘုရင်မှ ပေးအပ်ချီးမြှင့်သော ဘွဲ့တံဆိပ်လက်ခံယူရန် မလေးရှားနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဒီဇင်ဘာ ၃**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မလေးရှားနိုင်ငံဘုရင်က ပေးအပ်သော "First Degree Gallant of Malaysian Armed Forces"ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



# ဇီဝလက်နက်တားဆီးပိတ်ပင်ရေး စာချုပ်အဖွဲ့ဝင်ဖြစ်ကြောင်း အတည်ပြုကြေညာမည်

**နေပြည်တော် ဒီဇင်ဘာ ၃**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ဒီဇင်ဘာ ၁ ရက်မှ ၅ ရက်အထိ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးပြုလုပ်ခဲ့သည်။

အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က မြန်မာနိုင်ငံမှ အတည်ပြုလက်မှတ်ရေးထိုးထားသည့် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အား ဒီဇင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲတွင် ကုလသမဂ္ဂ အဆောက်အအုံရှိ အခန်းအမှတ် (၁၀)၌ စာချုပ်ထိန်းသိမ်းသည့် နိုင်ငံများဖြစ်သော ရုရှားဖက်ဒရေးရှင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု ကိုယ်စားလှယ်များထံသို့ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး၏ သဘာပတိဖြစ်သူ ဆွစ်ဇာလန်နိုင်ငံလက်နက်ဖျက်သိမ်းရေးဆိုင်ရာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး အုစ်ရှမစ်ဒ်၏ရှေ့မှောက်၌ ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန လက်နက်မပြန့်ပွားရေးနှင့် ထိန်းချုပ်ဌာန ညွှန်ကြားရေးမှူး မစ္စတာ မီးခေးလ်အုရာနော့ဗ်၊ ယူနိုက်တက်ကင်းဒမ်းနိုင်ငံ လက်နက်ဖျက်သိမ်းရေးညီလာခံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး မက်သရူရော်လန့်နှင့် အမေရိကန်ပြည်ထောင်စုကိုယ်စား အမေရိကန်ပြည်ထောင်စု လက်နက်ဖျက်သိမ်းရေးညီလာခံဆိုင်ရာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ရောဘတ်ဝုဒ်တို့က လက်ခံခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ဂျီနီဗာမြို့ မြန်မာအဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်၊ ဒုတိယအမြဲတမ်းကိုယ်စားလှယ်နှင့်အရာထမ်းများ၊ ကုလသမဂ္ဂ ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အကောင်အထည်ဖော်မှု အကူအညီပေးရေးဌာနမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်။

ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်လာပြီဖြစ်ကြောင်းကို ဒီဇင်ဘာ ၄ ရက်တွင် ဇီဝလက်နက်တားဆီးပိတ်ပင်ရေးစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးက အတည်ပြုကြေညာမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# နော်ဝေနိုင်ငံရှိ (NTNU) တက္ကသိုလ်ကပေးအပ်မည့် စီမံခန့်ခွဲမှုပညာ (မဟာဘွဲ့)သင်တန်း လာမည့်နှစ် မတ်လဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

နော်ဝေနိုင်ငံရှိ (Norwegian University of Science and Technology-NTNU) တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်း၍ လာမည့် ၂၀၁၅ ခုနှစ်မတ်လတွင် စီမံခန့်ခွဲမှုပညာ (မဟာတန်း) Master of Management Programmer ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသည့် အဆိုပါ သင်တန်းအစီအစဉ် ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက မြန်မာနိုင်ငံပညာရေး ပြုပြင်ပြောင်းလဲမှုတွင် နော်ဝေနိုင်ငံရှိ အဆင့်မြင့်ပညာကဏ္ဍမှ အဖွဲ့အစည်းများက လာရောက်ပူးပေါင်းဆောင်ရွက်နိုင်သည့်အတွက် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်အနေဖြင့်လည်း နော်ဝေတက္ကသိုလ်နှင့် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်နိုင်မှုကို ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နော်ဝေကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး Ms.Monica Maeland၊ Prof . Kjell A.Eliassen နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာခင်နိုင်ဦးတို့က မဟာဘွဲ့သင်တန်းဖွင့်လှစ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နော်ဝေကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီးတို့က အဆိုပါ အစီအစဉ်ကို ဖွင့်လှစ်ပေးသည်။

သင်တန်းကို နော်ဝေနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ပါမောက္ခများက နိုင်ငံတကာစံနှုန်းမီ သင်ရိုးညွှန်းတမ်းများဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT)၊ စွမ်းအင်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး စီမံခန့်ခွဲမှု ဘာသာရပ်ကို အဓိကထားသင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့ကို နော်ဝေတက္ကသိုလ်မှ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



○ ကျောဖုံးမှ

ပဏာမကစားသမား ၂၄ ဦးဖြင့် နိုဝင်ဘာ ၁၇ ရက်မှစ၍ လေ့ကျင့်ခဲ့ပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် ဒီဇင်ဘာ ၃ ရက်က မကွေးအသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာလူငယ်အသင်းသည် ဒီဇင်ဘာ ဒုတိယပတ်တွင် လူစုံလေ့ကျင့်နိုင်မည်ဖြစ်ပြီး လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားများ ပြန်လည်ရောက်ရှိလာမည်ဖြစ်သည်။

မာရာဟာလင်ဖလားပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အင်ဒိုနီးရှား စူပါလိဂ်ကလပ်ခြောက်သင်းအပါအဝင် မြန်မာယူ-၂၀ အသင်း၊ ဩစတြေးလျကလပ် Preth Glory အသင်းတို့ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာလူငယ်အသင်းတွင် နည်းပြချုပ် ဂဝ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြ-ဦးညီညီလတ်၊ ဦးမြကိုမင်း၊ ဂိုး- နည်းပြ- ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုး-မျိုးမင်းလတ်(ဇေယျာရွှေမြေ)၊ ပြည့်စုံချစ် (ရတနာပုံလူငယ်)၊ ဝေလင်းအောင် (ရန်ကုန်လူငယ်)၊ နောက်တန်း- ထိုက်ထိုက်အောင်(ရောဝတီ)၊ သီဟထက်အောင်(ဇေယျာရွှေမြေ)၊ နန်းဝေမင်း(ရန်ကုန်လူငယ်)၊ နိုင်လင်းထွန်း (မနောမြေ)၊ နန္ဒကျော်(မကွေး)၊ ညီညီလွင် (ကမ္ဘောဇ)၊ ရဲရင့်အောင် (မြန်မာဘောလုံးအကယ်ဒမီ)၊ အလယ်တန်း- ငြိမ်းချမ်းအောင် (ရန်ကုန်)၊ ကျော်မင်းဦး(ရောဝတီ)၊ ရဲဝင်းလှိုင်၊ စွမ်းထက်အောင်(ရန်ကုန်လူငယ်)၊ ကျော်ဇင်ဦး(နေပြည်တော်လူငယ်)၊ မျိုးကိုထွန်း(ရတနာပုံလူငယ်)၊ ရန်နိုင်ဦး (ဇေယျာရွှေမြေ)၊ မောင်မောင်ဝင်း(မကွေးလူငယ်)၊ မောင်မောင်စိုး(မကွေး)၊ ရှေ့တန်း- အောင်သူ(ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်လူငယ်)၊ ဝေယံထိုက် (မြဝတီလူငယ်)၊ အောင်ကောင်းမာန် (ရောဝတီလူငယ်)နှင့် မောင်မောင်လွင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။

**သတင်း - ချစ်ကိုကို**

**ဓာတ်ပုံ - ရှိုင်းထက်ဇော်**

# လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အသက်ရာကျော်ဘိုးဘွားများ၏ ရွှေရောင်အနာဂတ်ပုံရိပ်များ

စာရေးသူတို့ မှီတင်းနေထိုင်သောအမိမြန်မာနိုင်ငံသည် လတ်တလော အခြေအနေအရ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသော်လည်း ပေးကမ်းစွန့်ကြဲလှူဒါန်းမှုနှင့် သဒ္ဓါတရားထက်သန်မှုစာရင်းတွင် ကမ္ဘာ့ထိပ်တန်း အမေရိကန်နိုင်ငံနှင့်တန်းတူ ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်လျက်ရှိကြောင်း မကြာမီကထုတ်ပြန်လိုက်သည့် အညွှန်းကိန်းအစီရင်ခံစာအရ သိရပါသည်။ မြန်မာလူမျိုးတို့သည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားကာ စေတနာ၊ သဒ္ဓါတရားလွန်စွာထက်သန်လှသောလူမျိုးဖြစ်ကြောင်း ရှေးမဆွကာလကတည်းကပင် ကမ္ဘာကအသိအမှတ်ပြုပြီးဖြစ်ပါသည်။ မြန်မာလူမျိုးတို့သည် လူသားချင်းကိုယ်ချင်းစာတရားလက်ကိုင်ထားလျက် **မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါး** လက်ကိုင်ထားကာ လူမှုရေးစိတ်ဓာတ်အပြည့်ဖြင့် **အေးအတူ ပူအမျှ** နေထိုင်လာခဲ့ကြကြောင်း သမိုင်းအထောက်အထားများက သက်သေခံလျက်ရှိပါသည်။ ဤဆောင်းပါးတွင်မူ လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်နှင့် စပ်လျဉ်း၍ သိရှိသင့်သည့်အချက်အချို့ကို ဦးစွာတင်ပြလိုပါသည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂစနစ်အမှုဆောင်ချုပ်များဘုတ်အဖွဲ့က လူမှုကာကွယ်စောင့်ရှောက်ရေးအခြေခံသတ်မှတ်ချက်ရှိစေရေး ကမ္ဘာတစ်ဝန်း ဆောင်ရွက်မည့်လုပ်ငန်းတစ်ရပ်ကို အတည်ပြုခဲ့ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်လုပ်ငန်းသည် အခြေခံဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှုနှင့် ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန်ခက်ခဲသူများထံ လူမှုပံ့ပိုးမှုများကို အားပေးမြှင့်တင်ပါသည်။ အားလုံးအတွက် အနိမ့်ဆုံးဝင်ငွေနှင့် စားဝတ်နေရေးလုံခြုံမှုဖြည့်ဆည်းပေးရေးနှင့် မရှိမဖြစ်လိုအပ်သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တောင်းခံနိုင်မှုနှင့် ရယူအသုံးပြုနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများအခြေခံအဆင့်ဖြည့်ဆည်းပေးနိုင်မှု တိုးတက်မြင့်မားစေရေး လွယ်ကူချောမွေ့စေမည့် အခြေခံလူမှုအခွင့်အရေးများနှင့် ပံ့ပိုးမှုများပါဝင်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးအခြေခံသတ်မှတ်ချက်တွင် ယင်းအာမခံချက်များကို ဘဝသက်တမ်းအဆင့်ဆင့်တစ်လျှောက်လုံးတွင် ပေးအပ်ရန်နှင့် ဘဝရပ်တည်ရန်ခက်ခဲသော အုပ်စုအားလုံးနှင့် အကျုံးဝင်မည့်အဓိကသွင်ပြင်လက္ခဏာများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း အလေးအနက် ဖော်ပြထားပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၂ တွင်လည်း **နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်**ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးဟူသည်

လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection)ဆိုင်ရာ လုပ်ငန်းဟူသည်မှာ နိုင်ငံအုပ်ချုပ်သူအစိုးရက ဆင်းရဲနွမ်းပါး၍ လူမှုစီးပွားဘဝရပ်တည်ရန်ခက်ခဲသော နိုင်ငံသားပြည်သူလူထုအား အထူးသဖြင့် ဆင်းရဲနွမ်းပါး၍ ဘေးအန္တရာယ်ကျရောက်နိုင်ခြေတွင်ရှိသည့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်လျက်ရှိသည့် ပြည်သူပြည်သားများ၏ လူမှုဘဝရပ်တည်နိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရသောလုပ်ငန်းစဉ်တွင် လိုအပ်သည့်အရင်းအမြစ်များ ထောက်ပံ့ပေးရသောလုပ်ငန်းစဉ်ပင်ဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး၏ အခြေခံသဘောသဘာဝကို အနည်းငယ်တင်ပြရပါက မြန်မာ့ရာဇဝင်သမိုင်းတွင် အထင်ကရဖြစ်သည့် ကျန်စစ်သားမင်းကြီး၏ **"ချစ်သူနှင့်ကွေကွင်း၍ ဆင်းရဲဒုက္ခရောက်နေသူတို့၏ မျက်ရည်ကို မေတ္တာတည်းဟူသော လက်ဖြင့်သုတ်လတ္တံ့၊ နှပ်တည်းဟူသော အညစ်အကြေးတို့ကို ကရုဏာတည်းဟူသော ရေဖြင့်ဆေးကြောလတ္တံ့၊ လက်ယာလက်ဖြင့် ထမင်း၊ မုန့်စသည်တို့ကို ပေးလတ္တံ့၊ လက်ဝဲလက်ဖြင့် အဝတ်ပုဆိုးတို့ကို ပေးလတ္တံ့၊ လူခပင်းကို ရင်ဝယ်သားကဲ့သို့ သနားလတ္တံ့"** ဟူသော အဆိုအမိန့်ဖြင့် မိမိအုပ်ချုပ်ရာနိုင်ငံအတွင်း လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ခဲ့ခြင်းမှာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း၏ သိသာထင်ရှားသည့် ပြယုဂ်သာဓကတစ်ခုပင်ဖြစ်ပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး၏ ပုံသဏ္ဌာန်(၄)မျိုး

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ အစိုးရတိုင်းသည် ဆင်းရဲနွမ်းပါးသော လူတန်းစားနှင့် လူမှုစီးပွားဘဝရပ်တည်ရန်ခက်ခဲသောလူထုအား ပုံမှန်အခြေအနေအတိုင်း ရပ်တည်နိုင်အောင် ဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်များရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုတစ်ရပ်လုံးအားရည်ရွယ်၍ စီးပွားရေးအခြေခိုင်မာအောင် ဆောင်ရွက်ခြင်းနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဟူ၍ သဘောတရားရှိပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဖော်ပြပါသဘောတရားနှစ်ရပ်စလုံးကို တစ်ပြိုင်တည်းဆောင်ရွက်သည့် နည်းလမ်းမှာ ပိုမိုသင့်လျော်မည်ဟု ထင်မြင်ယူဆမိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် လူမှုရေးအထောက်အပံ့ (Social Assistance)၊ လူမှုရေးအာမခံ(Social Insurance)၊ လူမှုရေးဝန်ဆောင်မှုများ(Social Services)နှင့် လုပ်သားအင်အားဈေးကွက်အား ကြားဝင်ဆောင်ရွက်ခြင်း(Labour Market Intervention) ဟူ၍ ပုံသဏ္ဌာန်(၄)မျိုး ရှိပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးသော နည်းလမ်းများ

အထက်ဖော်ပြပါ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပုံစံအသီးသီးအား ပြည်သူလူထုထံသို့ စောင့်ရှောက်မှုပေးရာတွင် ယခုတင်ပြမည့် နည်းလမ်း(၃)သွယ်အား အသုံးပြုလေ့ရှိပါသည်။ **ပထမနည်းလမ်း**မှာ ပြဿနာအမျိုးအစားပေါ်အခြေခံ၍ ကာကွယ်စောင့်ရှောက်မှုပေးသောနည်းလမ်း (Category Approach)ဖြစ်ပါသည်။ အဆိုပါနည်းလမ်းမှာ နိုင်ငံ၏လက်ရှိရင်ဆိုင်ဖြေရှင်းရန်လိုအပ်သည့် လူမှုရေးပြဿနာတစ်ခုချင်းစီအလိုက် ကာကွယ်စောင့်ရှောက်မှုပေးသောနည်းလမ်းဖြစ်ပါသည်။ ဥပမာအားဖြင့် ကလေးသူငယ်အလွဲသုံးမှု၊ လျစ်လျူရှုမှု၊ အမြတ်ထုတ်မှုဆိုင်ရာပြဿနာများ၊ လူကုန်ကူးမှုဆိုင်ရာပြဿနာများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးပေးရန်လိုအပ်သည့် သက်ကြီးရွယ်အိုဆိုင်ရာပြဿနာများ၊ မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေးဆိုင်ရာပြဿနာများ၊ မသန်စွမ်းမှုဆိုင်ရာပြဿနာများ စသည့်ပြဿနာအလိုက် ဖြေရှင်းကာကွယ်စောင့်ရှောက်သည့်နည်းလမ်းများပါဝင်ပါသည်။

**ဒုတိယနည်းလမ်း**မှာ ပထဝီအနေအထားအလိုက် ဆင်းရဲနွမ်းပါးမှုအပေါ် အခြေခံ၍ ကာကွယ်စောင့်ရှောက်မှုပေးသော နည်းလမ်း (Geographical Approach Based on Poverty Profile) ဖြစ်ပါသည်။ အဆိုပါနည်းလမ်းမှာ နိုင်ငံအတွင်းမှီတင်းနေထိုင်ကြသည့် မတူညီသည့် ပထဝီအနေအထားများ၌ ကွဲပြားခြားနားသည့် ဆင်းရဲနွမ်းပါးမှုအခြေအနေများအပေါ် အခြေခံလျက် ကာကွယ်စောင့်ရှောက်မှုပေးသော နည်းလမ်းဖြစ်ပါသည်။ ဥပမာအားဖြင့် ချင်းတောင်တန်းဒေသ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် နောက်ခံအချက်အလက်များသည် မြေပြန့်ဒေသ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေ၊ နောက်ခံအချက်အလက်များနှင့် များစွာကွာခြားနိုင်ပါသည်။ ကျေးလက်၊ တောင်ပေါ်ဒေသ၏ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေနှင့်တိုက်ရိုက်ချိတ်ဆက်မှုမရှိသော်လည်း မြေပြန့်ဒေသ၏ ဆင်းရဲနွမ်းပါးမှုသည် ဝင်ငွေနှင့်တိုက်ရိုက်ချိတ်ဆက်လျက်ရှိပါသည်။ သို့ဖြစ်၍ မတူကွဲပြားခြားနားသည့် ပထဝီအနေအထားအခြေအနေဖြစ်ပါက ဆောင်ရွက်ရသည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုသည်လည်း ကွဲပြားနိုင်မည်ဖြစ်ပါသည်။

**တတိယနည်းလမ်း** မှာ အသက်အရွယ်အပိုင်းအခြားပေါ် အခြေခံ၍ ကာကွယ်စောင့်ရှောက်မှုပေးသောနည်းလမ်း(Life Circle Approach)ပင် ဖြစ်ပါသည်။ အဆိုပါနည်းလမ်းမှာ လူသားဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အရ သက်ဆိုင်ရာအရွယ်အပိုင်းအခြားအလိုက် လိုအပ်သော လူမှုကာကွယ်စောင့်ရှောက်မှုပေးသော နည်းလမ်းဖြစ်ပါသည်။ ဥပမာအားဖြင့် ရှေးဦးကလေးသူငယ်အရွယ်၊ ဆယ်ကျော်သက်အရွယ်၊ အလုပ်လုပ်နိုင်သည့်အသက်အပိုင်းအခြားအရွယ်၊ သက်ကြီးဘိုးဘွားအရွယ်စသည်ဖြင့် အသက်အပိုင်းအခြားအလိုက် လိုအပ်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ပုံစံပြု၍ပေးသော နည်းလမ်းဖြစ်ပါသည်။ ယင်းနည်းလမ်းများတွင် ကြိုတင်တားဆီးကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်ရွယ်ချက်အသီးသီးပါဝင်နိုင်မည်ဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး

သဘာဝဘေးအန္တရာယ်ဟူသည် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း အနည်းနှင့်အများ တွေ့ကြုံခံစားရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ စာရေးသူတို့ မြန်မာနိုင်ငံသည်လည်း အခြားအရှေ့တောင်အာရှဒေသနိုင်ငံများနည်းတူ သဘာဝဘေးအန္တရာယ်တွေ့ကြုံခံစားရလေ့ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို နိုင်ငံတော်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ခရိုင်မြို့နယ်အဆင့်ထိ လုပ်ငန်းစဉ်များ သတ်မှတ်ကာ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်မကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရောက်ရှိစေရန်ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများပါဝင်ပါသည်။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် **(အထူးသဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် သားသည်မိခင်များ)အား ကူညီစောင့်ရှောက်ပေးရမည်** ဟု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၃ အပိုဒ်ခွဲ(က)နှင့် (ခ) တွင် အတိအလင်းဖော်ပြထားပါသည်။ သဘာဝဘေးအန္တရာယ်များသည် မိန်းကလေးများ၊ ယောက်ျားလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၏ ရှိရင်းဘဝရပ်တည်ရန်ခက်ခဲမှုများ၊ အန္တရာယ်ကျရောက်လွယ်မှုများကို များပြားစေပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ခြင်းသည် ဆင်းရဲနွမ်းပါးသည့် မိသားစုများ၏ လူမှုရေးနှင့် စီးပွားရေးအခက်အခဲများ အဆင်ပြေချောမွေ့စေရန်၊ ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုသည် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှ လျော့နည်းစေရန် ဦးတည်ဆောင်ရွက်ခြင်းဖြစ်၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီစွာ ဆက်စပ်ဆောင်ရွက်ခြင်းဖြင့် သာယာလှပသော လူ့ဘောင်ဘဝကို ဦးတည်လျှောက်လှမ်းနိုင်မည်မှာ **မြေကြီးလက်ခတ်မလွဲ**ပင်ဖြစ်ပါသည်။ ထင်ရှားသည့်သာဓကအဖြစ် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ကျရောက်သောအခါ သဘာဝဘေးအန္တရာယ်လျော့ပါး

ဝင်းထိန်ကျော်(ကယ်ဆယ်ရေး)

ရေးစီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများ ချမှတ်ထားသည့် နိုင်ငံများသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရမှု၊ ဆိုးကျိုးသက်ရောက်မှုများကို အတတ်နိုင်ဆုံး နည်းပါးစေပြီး တုံ့ပြန်မှု(Response) နှင့် ပြန်လည်ထူထောင်မှု(Recovery)လုပ်ငန်းစဉ်များကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ လုပ်ငန်းစီမံချက်

ယနေ့ခေတ်အချိန်အခါသည် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် သန့်ရှင်းသောအစိုးရဖြစ်စေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အဆင့်လိုက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းစဉ်(Third Wave)ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အချိန်အခါပင်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်၏ **"နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိသောကာလအတွင်း ဒီမိုကရေစီနိုင်ငံသစ်ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့် တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဦးစားပေးလိုအပ်ချက်များအား ဖြည့်ဆည်းရမည့်တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု(Third Wave)အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားကြရန်"**ဟူသည့် လမ်းညွှန်ချက်များအတိုင်း ပြည်သူများ၏ လူမှုရေးလိုအပ်ချက်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ နေ့မအား ညမနား စွမ်းစွမ်းတမံ ကြိုးစားဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဖိုးအနဂ္ဃထိုက်တန်သကဲ့သို့ အကျိုးများစွာဖြစ်ထွန်းစေမည့် **မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစီမံချက်**အား အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ သိရှိရပါသည်။

## မဟာဗျူဟာလုပ်ငန်းစီမံချက်ပါလုပ်ငန်းများနှင့် ရှေ့ခရီး

နိုင်ငံတော်အစိုးရအနေဖြင့် စီမံချက်များချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီမည့် ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်နံတစ်လျားရှိ မြို့ပြ၊ ကျေးလက်မကျန် ပြည်သူလူထုအတွက် အကျိုးများစွာဖြစ်ထွန်းစေမည့် **မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစီမံချက်** အား အတည်ပြုနိုင်ခဲ့ပြီးနောက် စီမံချက်ပါလုပ်ငန်းစဉ်များအား ဆက်လက်၍ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ မဟာဗျူဟာလုပ်ငန်းများတွင် မိခင်နှင့်ကလေးထောက်ပံ့ငွေ၊ မသန်စွမ်းထောက်ပံ့ငွေ၊ ကလေးသူငယ်အားလုံးအတွက် ထောက်ပံ့ငွေ၊ လူမှုရေးပင်စင်၊ ကျောင်းများတွင် အာဟာရကျွေးမွေးခြင်း၊ အများပြည်သူအလုပ်အကိုင်ရရှိရေး/သက်မွေးပညာသင်တန်းများ၊ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ၊ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများပါဝင်ပြီး ထိုသို့ **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ** အကောင်အထည်ဖော်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကနဦးပိုင်းကာလများတွင် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် စတင်ဆောင်ရွက်မည်ဖြစ်သော်လည်း ရေရှည်တွင်မူ နိုင်ငံတော်၏ နိုင်ငံတော်ဘဏ္ဍာငွေတစ်ခုတည်း ကျခံသုံးစွဲ၍ အကောင်အထည်ဖော်ရန် အခက်အခဲရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်လူမှုစီးပွားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပိုင်းနှင့် ရန်ပုံငွေထောက်ပံ့ကူညီမှုအပိုင်းသည် မလွဲမသွေလိုအပ်၍ မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များတွင် ဘဏ္ဍာငွေထည့်သွင်းတွက်ချက်ရေးဆွဲ၍ ရန်ပုံငွေရရှိရေးဆောင်ရွက်ရန်မှာ အရေးကြီးသောကဏ္ဍမှပါဝင်လာမည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့် **လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ** လက်တွေ့အကောင်အထည်ဖော်ရာတွင် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် အခြားအဓိကလုပ်ငန်းများ(ဥပမာ- သဘာဝဘေးလျော့ပါးရေး) ၏ အတွေ့အကြုံကိုရယူအသုံးပြုပြီး အများပြည်သူနှင့် တွေ့ဆုံပွဲများ၊ လူထုဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာပေးစာရွက်စာတမ်းများ၊ အထွေထွေလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အကြောင်းသာမက **အစီအစဉ်နှင့် ဝန်ဆောင်မှုများ တစ်ခုချင်းအလိုက်** ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများအသုံးပြုကာ အများပြည်သူသိရှိနားလည်နိုင်စေရန် သတင်းအချက်အလက်များဖြန့်ဝေသွားမည်ဟု သိရှိရပါသည်။ ထို့အပြင် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည့် လူမှုကွန်ရက်ဆိုရှယ်မီဒီယာများအသုံးပြု၍လည်း **လူမှုကာကွယ်စောင့်ရှောက်ရေး** ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ◆

ပြည်တွင်းရေးရာ

# ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော်ပမာဏမှာ မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရ လူ့အဖွဲ့အစည်းအတွင်း ညီမျှစွာပါဝင်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ပေးရန်လို

သတင်းနှင့် ဓာတ်ပုံ
ရာမည(ကြေးမုံ)

"စဉ်ဆက်မပြတ် ဖွံ့ဖြိုးအောင်၊ နည်းပညာစွမ်းအားရလဒ်ဆောင်" "Sustainable Development: The Promise of Technology" ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Persons with Disabalities) အခမ်းအနားကို နေပြည်တော် ဟိုတယ်ဇုန် Hotel Max ၌ ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကမ္ဘာ့လူဦးရေ၏ တစ်ဘီလီယံကျော်ပမာဏမှာ မသန်စွမ်းမှုတစ်မျိုးမျိုးကို ခံစားနေရကြောင်း၊ မသန်စွမ်းသူများသည် ကမ္ဘာ့အဆင်းရဲဆုံးသူများစာရင်းတွင် အချိုးအစားကြီးမားစွာပါဝင်နေကြပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့အရင်းအမြစ်များကို အပြည့်အဝရရှိမှု နည်းပါးနေကြသည့်အပြင် အသက်ဆုံးရှုံးမှုနှုန်းမှာလည်း မြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ယင်းအပြင် မသန်စွမ်းသူများသည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အတားအဆီးများကို ရင်ဆိုင်နေကြရပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ငန်းစဉ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်ခွင့် နည်းပါးနေခြင်းများနှင့်လည်း ကြုံတွေ့နေရကြောင်း၊ ဤသို့ဖြစ်ခြင်းကြောင့် မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝညီမျှစွာ ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း။

ထို့အပြင် မသန်စွမ်းသူများအပေါ် ထားရှိသည့် စိတ်သဘောထားများနှင့် ဖြေရှင်းမှုပုံစံများကို ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ချမှတ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်းဗင်းရှင်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ကွန်ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မသန်စွမ်းသူများ၏ အခွင့်အရေးများကို အခြေပြုသည့် တရားမျှတမှု၊ ကောင်းကျိုးစီးပွားနှင့် လူ့အဖွဲ့အစည်းအတွင်း လူတန်းစေ့ပါဝင်ဆောင်ရွက်နိုင်မှုတို့ကို ပြည့်မီစွာရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် မသန်စွမ်းသူများအပေါ် ထားရှိသည့် မသင့်လျော်သော ခံယူချက်၊ အယူအဆဟောင်းများကို ဖယ်ရှားပြီး တိုးတက်ပြောင်းလဲသော အမြင်သစ်များဖြင့် ရှုမြင်ပေးကြရန် လိုကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်သည့် အရေးကိစ္စများကို လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သည့်ကိစ္စတစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုများတွင် မသန်စွမ်းသူများအတွက် အမြဲထည့်သွင်းစဉ်းစားပေးကြရန်၊ မသန်စွမ်းသူများကို လူ့အဖွဲ့အစည်း/အသိုက်အဝန်းအတွင်း တန်းတူရည်တူ ပါဝင်ခွင့်ပေးပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုကြောင်း၊ မသန်စွမ်းသူများအားလုံးနှင့်လက်တွဲပြီး လူသားတိုင်းပါဝင်သော ကမ္ဘာဆီသို့ ဦးတည်ချီတက်ပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မသန်စွမ်းသူများအရေးကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အကြံပြုပြောကြားခဲ့သည်။

ယနေ့ပြုလုပ်သော အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အထိမ်းအမှတ် အဆင့်လိုက်ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပေးအပ်ခဲ့သလို ထူးချွန်မသန်စွမ်းဆု၊ မသန်စွမ်းသူများအတွက် အတားအဆီးကင်းမဲ့သော ပတ်ဝန်းကျင်ဖန်တီးပေးသည့် အဖွဲ့အစည်း/ဌာနဆု၊ မသန်စွမ်းသူအများဆုံး အလုပ်ခန့်ထားသည့် အသင်းအဖွဲ့/ဌာနဆု၊ မသန်စွမ်းကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေသည့် လူတိုင်းအကျုံးဝင် ပညာသင်ကြားပေးနေသော အခြေခံပညာကျောင်းဆု၊ မသန်စွမ်းမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု ဂုဏ်ပြုဆု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အားကစားထူးချွန်ဆု အစရှိသည်တို့ကို တစ်ဆုစီ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



"နှစ်စဉ်လိုလို ဒီလိုအထိမ်းအမှတ်နေ့ကို ပါဝင်ပြသခဲ့တာပါ။ အဓိကပြသပေးတာကတော့ ကိုယ်အင်္ဂါအစိတ်အပိုင်း အတုတွေကို လာရောက်ပြသပေးတာပါ။ နိုင်ငံတစ်ဝန်းမှာရှိတဲ့ မသန်စွမ်းသူတွေကို မိမိတို့ တတ်စွမ်းသမျှ လှူဒါန်းလိုတယ်ဆိုရင် ကျွန်တော်တို့က တာဝန်ယူလုပ်ဆောင်ပေးပါတယ်။ ဒီလိုမျိုးလုပ်တယ်ဆိုရာမှာလည်း ကြိုတင်လုပ်ထားတာမျိုးမဟုတ်ဘဲ တပ်ဆင်လိုတဲ့သူရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းကို သေချာတိုင်းထွာပြီးတော့ စမ်းသပ်တပ်ဆင်ပေးပါတယ်။ အဆင်မပြေရင် ပြေတဲ့အထိ လုပ်ဆောင်ပေးပါတယ်။ ဒီပွဲမှာ ပါဝင်ခွင့်ရတာ အလွန်ပဲ ဝမ်းသာပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း မသန်စွမ်းတစ်ယောက်ပါပဲ။ အဲဒါကြောင့် ဘဝတူချင်းကိုယ်ချင်းစာပြီး ဒီအလုပ်ကို စေတနာထားလုပ်ဆောင်ပေးနေတာပါ။ တကယ်တမ်းပြောရရင် ခြေတုတစ်ချောင်းဟာ ခြေထောက်ပြတ်နေတဲ့သူတစ်ယောက်အတွက်တော့ အလွန်တန်ဖိုးကြီးမားတဲ့အရာတစ်ခုပါ။ ဒီနေ့အခမ်းအနားနဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံးမှာရှိနေတဲ့ ဘဝတူ မသန်စွမ်းသူအားလုံးကိုပြောချင်တာက မသန်ပေမယ့်စွမ်းနိုင်ကြပါတယ်။ စိတ်ဓာတ်မကျကြပါနဲ့၊ ဘဝကို အကောင်းဆုံးပုံစံနဲ့ ရှင်သန်နေထိုင်သွားကြပါလို့ ပြောချင်ပါတယ်"ဟု မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းမှ ကိုသန်းထိုက်အောင်က ရင်တွင်းစကား ပြောကြားခဲ့သည်။

"ကျွန်တော်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုဝန်ထမ်းတစ်ဦးပါ။ မြန်မာနိုင်ငံကိုယ်စားပြုပြီး ရေကူးအားကစားနည်းနဲ့ အားကစားပွဲအမြောက်အမြားကို ဝင်ပြိုင်ခဲ့ကာ ရွှေ ၁၉ ခု၊ ငွေ ၈ ခု၊ ကြေး ၄ ခု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ မြန်မာ့လက်ရွေးစင်မသန်စွမ်း ရေကူးအသင်းနည်းပြအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ဘဝတူ မသန်စွမ်းတွေအနေနဲ့ ဘာပဲဖြစ်ဖြစ် စိတ်ဓာတ်မကျဘဲ၊ အားငယ်မနေဘဲ ကိုယ်ဝါသနာပါရာအားကစားနည်း တစ်မျိုးမျိုးမှာ ထူးချွန်အောင်လုပ်ပြီး နိုင်ငံ့ဂုဏ်ဆောင်ဖို့ ဖိတ်ခေါ်ပါတယ်" ဟု မြန်မာ့လက်ရွေးစင် မသန်စွမ်းရေကူးအသင်းနည်းပြ ဦးမြနိုင်က အားမာန်အပြည့်ဖြင့် ပြောကြားခဲ့သည်။

ပညာရေးကဏ္ဍမှ မသန်စွမ်းသူများအရေးကို အလေးထားပြီး စာစီစာကုံးဝင်ရောက်ယှဉ်ပြိုင်၍ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆုရရှိခဲ့သော မောင်ကောင်းဆက်ကလည်း "ဆုရလို့ ပျော်ပါတယ်။ မမျှော်လင့်ဘဲ ပထမဆုရခဲ့တာဆိုတော့ ဒီလိုဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ မသန်စွမ်းသူတွေအကြောင်းကို လေ့လာခဲ့ရာမှတစ်ဆင့် သူတို့တွေရဲ့ဘဝကို ပိုပြီးနားလည်လာပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မသန်စွမ်းသူတွေအားလုံးကို ပြောချင်တဲ့စကားကတော့ မသန်ပေမယ့် စွမ်းတယ်ဆိုတာ လောကကြီးကို ပြလိုက်စမ်းပါဆိုတာပါပဲ" ဟု ပြောကြားခဲ့သည်။

မသန်စွမ်းသူများအနေဖြင့် အတိတ်တစ်ချိန်က အနေအထားများကဲ့သို့ မဟုတ်တော့ဘဲ လက်ရှိကာလတွင် အားကစားကဲ့သို့သော ဆိုင်ရာဆိုင်ရာ ကဏ္ဍများတွင် ပါဝင်ခွင့်ရရှိနေပြီဖြစ်သလို တာဝန်ရှိသူများအပိုင်းကလည်း အားပေးမြှင့်တင်မှုများ၊ ပံ့ပိုးမှုများ လုပ်ဆောင်ပေးလျက်ရှိခြင်းကြောင့် စိတ်ပျက်အားငယ်ခြင်းအလျဉ်းမရှိဘဲ မသန်ပေမယ့် စွမ်းနိုင်ကြောင်းကို သက်သေပြနိုင်ကြပြီဖြစ်ပါကြောင်း. . . .။ ။

## မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည် (ရန်ကုန်-မန္တလေး)ခရီးရှည် အောင်မြင်စွာပူးပေါင်းဆောင်ရွက်

မန္တလေး ဒီဇင်ဘာ ၃

အပြည်ပြည်ဆိုင်ရာ "မသန်စွမ်းသူများနေ့"ကို ဂုဏ်ပြုသောအားဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)နှင့် ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)တို့ ပူးပေါင်းဆောင်ရွက်သည့် "မသန်စွမ်းသူများ၏ သန်စွမ်းမှုစွမ်းရည်" (ရန်ကုန်-မန္တလေး) ခရီးရှည် လှူငယ်အဖွဲ့ ၂၄ ဦးသည် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ကြပြီး ယမန်နေ့ညနေ ၄ နာရီတွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့ကြသည်။

အဆိုပါ မသန်စွမ်းလူငယ်အဖွဲ့အား မန္တလေးမြို့ (၆၂)လမ်းရှိ ဟစ်တိုင်ကွင်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ခိုင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး လူမှုဝန်ထမ်း ညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများ၊ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မန္တလေးမြို့နေ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လမ်းကြောင်းတစ်လျှောက်တွင် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုအားပေးကြသည်။

မသန်စွမ်းလူငယ်အဖွဲ့သည် (ရန်ကုန်-မန္တလေး) ခရီးရှည် မိုင်ပေါင်း ၄၃၄ မိုင်အား နိုဝင်ဘာ ၁၆ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ၁၆ ရက်နှင့် ၈ နာရီကြာ ခရီးနှင်ခဲ့ပြီး မသန်စွမ်းသူများ၏ စိတ်ဓာတ်နှင့် ကြံ့ခိုင်မှုစွမ်းရည်များကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

Native Speaker Teacher, 4 skills, Communicative lessons
Think in English
Ph:09425026102, 09256095451, Info@thinkinenglish.co

Y.E.S.
Since 1994
International English Language Centre
Basic Spoken English
Structure & Written Expression
Basic Writing Course
Pre-Intermediate English
Academic Preparation for IELTS
Academic Writing Course
Grammar Foundation Course
Vocabulary Enrichment Course
IELTS
SAT
TOEFL

# နော်ဝေနိုင်ငံဘုရင် ဟာရယ်နှင့် မိဖုရားဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလေ့လာ



နော်ဝေဘုရင်နှင့် မိဖုရားတို့ ပုဂံရှေးဟောင်း သုတေသနပြတိုက်အတွင်း ပြသထားမှုများကို ကြည့်ရှုလေ့လာစဉ်။

**ညောင်ဦး ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ၌ချစ်ကြည်ရေးအလည်အပတ်ခရီးရောက်ရှိနေသော နော်ဝေနိုင်ငံပဉ္စမမြောက် ဘုရင်ဟာရယ်နှင့် မိဖုရားဆွန်ယာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား လေ့လာရန်အတွက် ယနေ့နံနက် ၁၁ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ညောင်ဦးလေဆိပ်သို့ ရောက်ရှိလာကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်၊ ဒေါ်စန္ဒာခင်၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေဆိပ်အထွက်လမ်းတစ်လျှောက်၌ ညောင်ဦး အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဂံအခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များနှင့် ကျောင်းသားကျောင်းသူများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်းပြီး ဂုဏ်ပြုကြိုဆိုကြသည်။

ထို့နောက် နော်ဝေဘုရင်နှင့် ဇနီးတို့သည် ပုဂံမြို့ဟောင်း သံတဲဟိုတယ်၌ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်နှင့် စပ်လျဉ်း၍ သတင်းမီဒီယာများ၏ မေးမြန်းချက်အား ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နော်ဝေဘုရင်နှင့် မိဖုရားတို့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ပြသထားသည့် ပုဂံခေတ်ဘုရားဆင်းတုတော်များ၊ ပုဂံခေတ်လက်မှုအနုပညာပြခန်းနှင့် ဗိသုကာပြခန်းတို့အား ကြည့်ရှုလေ့လာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နော်ဝေဘုရင်နှင့် မိဖုရားတို့သည် အဆိုပါပြတိုက်၌ ကျင်းပသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အား မြန်မာနှင့် နော်ဝေတို့ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုးပွဲတွင် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်နေသည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ယူနက်(စ်)စကိုတို့ဖြင့် ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်နေမှုများကိုလည်းကောင်း၊ နော်ဝေနိုင်ငံ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာLars Andreas Lunde က မြန်မာနိုင်ငံ၏ ရှေးဟောင်း အမွေအနှစ်ထိန်းသိမ်းရေးအတွက် နော်ဝေနိုင်ငံက ယူနက်(စ်)စကိုနှင့် ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်က ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကမ္ဘာ့ယဉ်ကျေးမှုမှုဘောင်ဖြင့် မြန်မာနိုင်ငံ၏ သဘာဝယဉ်ကျေးမှုအမွေအနှစ်အား ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့၏ သဘောတူစာချုပ်ကို မြန်မာနိုင်ငံဆိုင်ရာ ယူနက်(စ်) စကို ဌာနေကိုယ်စားလှယ် မစ္စတာ စာဒါအူမာအလန်နှင့် မြန်မာနိုင်ငံဆိုင်ရာနော်ဝေသံအမတ်ကြီး မစ္စအန်းအော်လီစတက်တို့က လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နော်ဝေဘုရင်နှင့် မိဖုရားတို့သည် အာနန္ဒာဘုရား၊ ရွှေဆံတော်ဘုရားနှင့် စူဠာမုနိဘုရားတို့သို့ သွားရောက်ကြည်ညိုခဲ့ကြသည်။

ညနေပိုင်းတွင် နော်ဝေဘုရင်နှင့် မိဖုရားတို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှုခင်းအား ဧရာဝတီမြစ်အတွင်းမှအမရာသဘော်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(မိုးမြင့်)**

# လူမှုဖူလုံရေးအကျိုးခံစားခွင့် နယ်လှည့်ဆေးကုသအစီအစဉ်ဆောင်ရွက် ရွေ့လျားဆေးကုသယာဉ်များဖြင့် စစ်ဆေးကုသမှုများပြုလုပ်ပေးလျက်ရှိ

သတင်း - မာမာစိုး(ကြေးမုံ)
ဓာတ်ပုံ - သက်ထွေး(ကြေးမုံ)

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာ အထွေထွေရောဂါကုဆေးခန်းနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲဌာနတို့ ပူးပေါင်း၍ရွေ့လျားဆေးကုသယာဉ်ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းအစီအစဉ်ကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ နေပြည်တော် သတင်းစာတိုက်၌ ဒီဇင်ဘာ ၃ ရက်က ဝန်ထမ်းများအား ဆေးဝါးကုသမှုများ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ အခု ရွေ့လျားဆေးကုသယာဉ်တွေမှာ နံပါတ်(၁)ကားမှာ ဆေးဝါးတွေ ECG စက်၊ Ultrasound စက်၊ Digital X-Ray နဲ့ ဓာတ်ခွဲခန်းအကုန်ပါတယ်။ နံပါတ်(၂)ကားမှာတော့ ဓာတ်ခွဲခန်းအကြီးစား ထည့်ထားတယ်"ဟု သုခမင်္ဂလာအထူးကုဆေးခန်းဒါရိုက်တာ ဦးစည်သူအောင်က ပြောကြားသည်။

ထိုသို့လိုက်လံစစ်ဆေးကုသပေးလျက်ရှိသည့် ရွေ့လျားဆေးကုသယာဉ်နှစ်စီးအနက် နံပါတ်(၁)ကားတွင် ဆေးဝါးကုသမှုကို တစ်နေ့လျှင် ပျမ်းမျှလူဦးရေ ၁၂၀ မှ ၁၃၀ အထိ စမ်းသပ်စစ်ဆေးကုသပေးနိုင်ပြီး နံပါတ်(၂)တွင် ဓာတ်ခွဲခန်းအကြီးစားပါဝင်ခြင်းကြောင်း ပျမ်းမျှလူဦးရေ ၂၀၀ အထိ ကုသပေးနိုင်ကြောင်း သိရသည်။

ယင်းသို့ကုသမှုများပြုလုပ်ပေးရာတွင် AIDS၊ HIV၊ အသည်းရောင်အသားဝါဘီပိုး၊ အသည်းရောင်အသားဝါ စီပိုး၊ လေးဖက်နာ၊ ဆီးချိုသွေးချို၊ ကာလသားရောဂါ၊ ဆီးလမ်းကြောင်းဆိုင်ရာရောဂါများနှင့် သွေးအုပ်စုအမျိုးအစားစစ်ဆေးမှုများကို အဓိကထားစစ်ဆေးကုသပေးလျက်ရှိသည်။ စစ်ဆေးစမ်းသပ်မှုများပြုလုပ်၍ လိုအပ်သည့် ဆေးဝါးများကိုလည်း အလုံအလောက်ထုတ်ပေးခြင်းနှင့် ဆက်လက်၍ ဆေးဝါးကုသမှုများ ပြုလုပ်ရန် လိုအပ်ပါက ညွှန်ကြားချက်များထုတ်ပေးကြောင်း သိရသည်။

ရွေ့လျားဆေးကုသမှုနှင့် ပတ်သက်၍ "ကျွန်မတို့ဌာနအနေနဲ့ကတော့ လုပ်ငန်းခွင်က အချိန်မအားလပ်တဲ့ အာမခံအလုပ်သမားတွေ လုပ်ငန်းခွင်မထိခိုက်စေဘဲ ဆေးဝါး စစ်ဆေးကုသမှုခံယူနိုင်ဖို့ အဓိက ရည်ရွယ်ဆောင်ရွက်တာပါ။ နောက်ပြီးတော့လည်း ခြောက်လတစ်ကြိမ် အခုလို ဆေးဝါးစစ်ဆေးမှုတွေ ဆောင်ရွက်ပေးနိုင်အောင်လို့လည်း ကြိုးပမ်းနေပါတယ်"ဟု နေပြည်တော် လူမှုဖူလုံရေးဌာန တာဝန်ခံဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်အောင်က ပြောကြားသည်။

အဆိုပါ စမ်းသပ်စစ်ဆေးမှုများကို ဒီဇင်ဘာ ၃ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ သုံးရက်ကြာ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ယခုကဲ့သို့ ရွေ့လျားဆေးကုသပေးခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ ရွေ့လျားဆေးကုသယာဉ်နှစ်စီးဖြင့် လိုက်လံဆေးဝါးကုသမှုများ ပြုလုပ်ခဲ့ရာ ယခုအချိန်တွင် ရန်ကုန်၊ မန္တလေးနှင့် တောင်ငူမြို့တို့တွင် သွားရောက်ကုသပေးပြီးဖြစ်ကြောင်း သိရသည်။ နံပါတ်(၁)ကားသည် နေပြည်တော် ကောင်စီနယ်မြေအတွင်းတွင် ဩဂုတ် ၂၁ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ လိုက်လံဆေးဝါးကုသပေးလျက်ရှိပြီး နံပါတ်(၂)ကားသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိသည်။

အဆိုပါရွေ့လျားဆေးကုသယာဉ်ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ရုံးအမှတ်(၅၁)၌ ကျင်းပခဲ့သည်။ လူမှုဖူလုံရေးအာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်ပေးရန် အဓိက ရည်ရွယ်၍ ဤရွေ့လျားဆေးကုသယာဉ်ကို စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး စက်ရုံအလုပ်ရုံများမှ အလုပ်သမားများကို လုပ်ငန်းခွင်မပျက်စေဘဲ ကွင်းဆင်း၍ ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ဆေးကုသခြင်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သည့် အာမခံအလုပ်သမားများအတွက် ဥပဒေသစ်နှင့်အညီ ခံစားခွင့်များ ထုတ်ပေးနိုင်ရန် လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားများကို ယခင်က စက္ကူကတ်ပြား (အ-၁၂)များဖြင့် ထုတ်ပေးနေရာမှ ယခုအခါ နိုင်ငံတကာအဆင့်မီ ကွန်ပျူတာဖြင့် ဖတ်ရှုနိုင်သော 2 D Barcode စနစ်သုံး Smart card များဖြင့် ပြောင်းလဲထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းကတ်ပြားကို ကွန်ပျူတာစနစ်ဖြင့် ဖတ်ရှုစစ်ဆေး၍ လစဉ်ထည့်ဝင်ကြေး မှန်ကန်စွာ ပေးသွင်းထားကြောင်း အတည်ပြုနိုင်ပါက ဆေးကုသမှုပေးခြင်း၊ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းတို့ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပေးသွင်းရန် ပျက်ကွက်ကြောင်း တွေ့ရှိရပါက အကျိုးခံစားခွင့်များ ရရှိနိုင်မည် မဟုတ်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံတွင် လူမှုဖူလုံရေးဌာနခွဲပေါင်း ၇၀ ကျော်ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ ရွေ့လျားဆေးကုသရေးအဖွဲ့ တစ်ဖွဲ့လျှင် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ရုံးအဖွဲ့စသည်ဖြင့် စုစုပေါင်း ၂၀ မှ ၂၅ ဦးအတွင်း ပါဝင်သည်။ အမှတ်(၁)အဖွဲ့ ရွေ့လျားဆေးကုသယာဉ်သည် နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆေးဝါးစစ်ဆေးကုသမှုများ ဆောင်ရွက်ပြီးပါက မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင် ဆေးဝါးစစ်ဆေးကုသမှုများဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး အမှတ်(၂)အဖွဲ့ ရွေ့လျားဆေးကုသယာဉ်သည် ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးဝါးစစ်ဆေးကုသမှုများ ဆောင်ရွက်ပြီးပါက ရှမ်းပြည်နယ်သို့ သွားရောက်ကာ ဆေးဝါး စစ်ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်း

**ရန်ကုန် ဒီဇင်ဘာ ၃**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး ၂/ ၂၀၁၄ (ပထမနေ့)ကို ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရသုံးမှန်းခြေ ငွေစာရင်း လျာထားချက်ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး တင်သွင်းမှုအပေါ် အတည်ပြုပေးရန် ဒီဇင်ဘာ ၈ ရက်တွင် လွှတ်တော်၌ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက ရသုံးမှန်းခြေငွေစာရင်း လျာထားချက် တင်သွင်းခဲ့ရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းရငွေကျပ် ၃၈၀ ဒသမ ၈၄၁ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ်ကျပ် ၄၉၁ ဒသမ ၂၅၉ ဘီလီယံရှိမည်ဖြစ်ပြီး လိုငွေမှာ ကျပ် ၁၁၀ ဒသမ၄၁၇ ဘီလီယံရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ယင်းတွင် ကဏ္ဍအလိုက် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းလျာထားချက်များ ပါဝင်ပြီး အထူးစီမံကိန်းအနေဖြင့် ကားလမ်းကူး ခုံးကျော်တံတား သုံးစင်း တည်ဆောက်ရန်အတွက် လျာထားငွေကျပ် ဘီလီယံ ၅၀ ကျော်ကိုလည်း ထည့်သွင်းရေးဆွဲတင်ပြခဲ့ကြောင်း သိရသည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်း လျာထားချက်ကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှ အတည်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၀၀၁)**

# သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ ၂၇-၁၁-၂၀၁၄ ရက်မှ ၃၀-၁၁-၂၀၁၄ ရက်အထိ ရှမ်းပြည်နယ် ကျိုင်းတုံ၊ မိုင်းဆတ်ခရိုင်နှင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိုင်းလားအထူးဒေသ(၄)တို့သို့ သွားရောက်စဉ် တွေ့ရှိခဲ့ရသည့် ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ


ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီးအနီး၌ ထိုင်းနိုင်ငံ ခမ္ဘကာယဖောင်ဒေးရှင်းမှ ပြုလုပ်သော မဟာသံဃဒါနအလှူမင်္ဂလာပွဲကျင်းပနေမှုကို တွေ့ရစဉ်။


မိုင်းလားအထူးဒေသ(၄)ရှိ အထပ်မြင့် လူနေတိုက်ခန်းများကို တွေ့ရစဉ်။


ကျိုင်းတုံမြို့အား ဝေဟင်မှ တွေ့ရစဉ်။


ကျိုင်းတုံမြို့ ကတ်ထိုက်၊ ဝပ်ဆောင်းအုပ်စုတို့ အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို တွေ့ရစဉ်။


မိုင်းဆတ်မြို့ရှိ ရိတ်သိမ်းပြီး လယ်ယာမြေများကို ဝေဟင်မှ တွေ့ရစဉ်။


ပန်ဆန်းမြို့ နယ်စပ်ဂိတ်အား တွေ့ရစဉ်။

◆ စာမျက်နှာ ၆ မှ

**သက်ကြီးဝါကြီးဘိုးဘွားများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး**

ယနေ့ခေတ် ကမ္ဘာပေါ်တွင် လူဦးရေတိုးပွားမှုနှုန်း လွန်စွာမြင့်မားလျက်ရှိရာ လူဦးရေပေါက်ကွဲမှုဟုပင် သုံးနှုန်းရသည်အထိ ကျယ်ပြန့်လာပြီ ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် လူဦးရေတိုးပွားမှုနှုန်းအတိုင်း စီးပွားရေးတိုးတက်မှုမရှိပါက ဆင်းရဲနွမ်းပါးမှုပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။ နိုင်ငံတကာတွင် အသက် (၆၅) နှစ်ကျော်ကို လူကြီးသူမအရွယ် (Elderly Population) ဟု သတ်မှတ်ကြသဖြင့် အလုပ်မလုပ်ကိုင်နိုင်သည့် လူကြီးသူမအရွယ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပျမ်းမျှ ၁၅ ရာခိုင်နှုန်းအထိရှိတတ်ပါသည်။ ဂျာမနီ၊ ပြင်သစ် စသည့် နိုင်ငံများတွင် ၁၅ ရာခိုင်နှုန်း၊ အမေရိကန်နိုင်ငံတွင် ၁၃ ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံတွင် ၁၆ ရာခိုင်နှုန်းအထိရှိပြီး သက်ကြီးဝါကြီးအရေအတွက်ရာခိုင်နှုန်း အမြဲတမ်းမြင့်တက်လျက်ရှိပါကြောင်း သတိပြုမိပါသည်။ အချို့နိုင်ငံများတွင် သက်ကြီးဝါကြီးများအတွက် သင့်လျော်သည့်လုပ်ငန်း (Elderly Employment) ကို အကြံပြုလေ့ရှိသကဲ့သို့ သက်ကြီးဘိုးဘွားများ၏ အလုပ်စွမ်းအင် (Older Labour Force)ကို အပြည့်အဝအသုံးချနိုင်ရေး အားပေးလျက်ရှိကြောင်း သိရှိရပါသည်။

သက်ကြီးဝါကြီးဘိုးဘွားများသည် အသိပညာ၊ ဗဟုသုတ၊ အတွေးအမြင်နှင့် ဘဝအတွေ့အကြုံများစွာရှိသဖြင့် လူ့အဖွဲ့အစည်းအတွင်း လွန်စွာအရေးပါအရာရောက်ကာ တန်ဖိုးရှိသော လူတန်းစားများဖြစ်ပါသည်။ သက်ကြီးဝါကြီးများဖြတ်သန်းကျင်လည်ခဲ့ရသည့် ဘဝအတွေ့အကြုံများကို ငွေဖြင့်ဝယ်ယူ၍မရနိုင်ပါ။ ဂျပန်၊ နော်ဝေ၊ ဆွီဒင်စသည့်နိုင်ငံတို့၌ အသက်ရာကျော်ဘိုးဘွားများစွာရှိရာ ၎င်းတို့၏အတွေ့အကြုံကို လူမှု-စီးပွားနယ်ပယ်တွင် လက်တွေ့ထိရောက်ကောင်းမွန်စွာ အသုံးချနိုင်သဖြင့် ထိပ်တန်းနိုင်ငံများအဖြစ်ရောက်ရှိလာခဲ့ကြောင်း မှတ်သားရဖူးပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် မွေးစကလေးမှသည် သက်ကြီးဝါကြီးဘိုးဘွားများအထိ အကျုံးဝင်သည့် လုပ်ငန်းစဉ်(၈)ရပ်ဆောင်ရွက်လျက်ရှိရာ ကဏ္ဍတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များပါဝင်စေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော်အနက် အသက်တစ်ရာကျော်ဘိုးဘွားများမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ **၆၅၉ ဦး**အထိရှိကြောင်း အံ့သြဖွယ်ရာ လေ့လာသိရှိရပါသည်။ ထိုသို့ အသက်ရာကျော်နေထိုင်နိုင်သည်မှာ အတိတ်ဘဝကုသိုလ်အကျိုးပေးမှုတစ်ခုတည်းသာမကဘဲ လက်ရှိဘဝတွင်လည်း **သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာပြည့်စုံမှု၊ သမာဓိရှိမှု၊ အလှူရေစက်လက်နှင့်မကွာ ဒါနကုသိုလ်ဖြည့်ဆည်းမှု၊ အနာရောဂါကင်းစင်မှု "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"**ဟူသည့် မြတ်ဗုဒ္ဓ၏အဆုံးအမ တရားတော်အတိုင်း ကျင့်သုံးမှုတို့ကြောင့်ဖြစ်ကြောင်း ယုံမှားသံသယဖြစ်ဖွယ်မရှိပေ။ **ထက္ကြ၊ နီးကြား၊ သနား၊ သည်းခံ၊ ဝေဖန်၊ ထောက်ရှု ဤခြောက်ခု၊ ကြီးသူကျင့်ဝတ်တာ** ဟူသည့်တိုင်း နာယကဂုဏ်(၆)ပါးနှင့် ပြည့်စုံသည့် သက်ကြီးဝါကြီးများကို မြန်မာမှုဓလေ့ထုံးစံများတွင် အစဉ်အလာရှိပြီးဖြစ်သည့် **ကြီးသူကို ရိုသေ ရွယ်တူကို လေးစား၊ ငယ်သူကို သနား** ဟူသည့်အတိုင်း ငယ်ရွယ်သူများက သင်္ကြန်ကာလနှင့် သီတင်းကျွတ်အခါသမယတို့တွင် သက္ကစ္စဂါရဝတရားဖြင့် ပူဇော်ကန်တော့ကြသည်မှာ မည်သည့်နိုင်ငံနှင့်မျှမတူညီသည့် ဂုဏ်ယူဖွယ် အတုယူဖွယ်အလေ့အထကောင်းများပင်ဖြစ်ပါသည်။

**အိုသည့်တိုင်အောင် ဇွဲကိုဆောင်၊ လူ့ဘောင်ကောင်းဖို့ကြိုးစားစို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူမှုရေးလိုအပ်ချက်များနှင့် ဘေးအန္တရာယ်ဆိုင်ရာကာကွယ်စောင့်ရှောက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးသို့ နိုင်ငံတော်အစိုးရကိုယ်စား စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့လှူဒါန်းငွေများပေးအပ်ခြင်း၊ ရှေးဦးအရွယ်ကလေးပြုစုရေးဌာနများမှသည် ဘိုးဘွားရိပ်သာများအထိ ဖွင့်လှစ်ပေးခြင်း၊ ဘိုးဘွားများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့်လှစ်ပေးခြင်း၊ သာမန်အချိန်တွင် စာသင်ကျောင်း၊ ဆေးခန်း၊ စာကြည့်တိုက်စသည်ဖြင့် ဘက်စုံအသုံးပြုနိုင်ပြီး သဘာဝဘေးကျရောက်ဖြစ်ပွားပါက နားခိုနိုင်ရန် ဘက်စုံသုံးအဆောက်အအုံ (Multi-Purpose Cyclone Shelter) များတည်ဆောက်ပေးခြင်း၊ လူမှုစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းနည်းပြသင်တန်းများနှင့် သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း နည်းပြသင်တန်းများ၊ ဆင့်ပွားသင်တန်းများဖွင့်လှစ်ပေးခြင်း၊ မူကြိုကျောင်းများ၊ အသက်မွေးသင်တန်းကျောင်းများဖွင့်လှစ်ပေးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူငယ်ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများ၏လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို မျက်ခြည်မပြတ်နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရသည်။

သက်ကြီးဝါကြီးဘိုးဘွားများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၉၉ ခုနှစ်ကို **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်** (Intenational Year of Older Persons) အဖြစ် သတ်မှတ်ခဲ့ပါသည်။ ထို့အပြင် ၁၉၉၉ ခုနှစ် ဧပြီ ၇ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် သက်ကြီးသူများဘဝစိုပြည်သာယာရေးဦးတည်ကာ **သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ကြိုးပမ်းစို့**ဟု သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်အောက်တိုဘာ ၁ ရက်အား **အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့** (International Day of Older Persons) အဖြစ် သတ်မှတ်ထားကာ ယခု ၂၀၁၄ ခုနှစ် ဆောင်ပုဒ်အဖြစ် (Leaving No One Behind: Promoting a Society for All) **သက်ကြီးရွယ်စုံမြှင့်တင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့**ဟု သတ်မှတ်ခဲ့ပါသည်။ ထို့မျှမက ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်ဆောင်ပုဒ်အဖြစ် တိုက်ဆိုင်စွာပင် **သဘာဝဘေးဒဏ်ခုခံဖို့၊ သက်ကြီးများနှင့် လက်တွဲစို့** (Resilience is for life) ဟု သတ်မှတ်ထားပြန်ရာ သက်ကြီးသူများ၏အခန်းကဏ္ဍကို အထူးဦးစားပေးလျက်ရှိကြောင်း သိသာထင်ရှားလျက်ရှိပါသည်။ အချို့သောသူများက သက်ကြီးဝါကြီးများ၏ **ဘဝကို မီးစာကုန်ဆီခန်း၊ နေဝင်ဆည်းဆာချိန်၊ ဘာမျှအသုံးမကျတော့**ဟု လွဲမှားစွာယူဆထားကြပါသည်။ စင်စစ်အားဖြင့် အသက်ကြီးသူများသည် မြန်မာရာဇဝင်တွင် စာတင်ခဲ့ရသည့် အလောင်းစည်သူမင်းကြီး၏ နှလုံးရည် လက်ရုံးရည်ကို ပြသကာ **ငါမအိုသေး**ဟု အောင်ပွဲခံခဲ့သည့် ထုံးကို နှလုံးမူကာ **အိုသည့်တိုင်အောင် ဇွဲကိုဆောင်**လျက် သာမန်လူများကဲ့သို့ပင် လူ့ဘောင်ဘဝကို တန်ဖိုးထားစောင့်ရှောက်လျက်ရှိကြကြောင်း တွေ့မြင်ကြားသိနေရပါသည်။

**သတင်းကြားရုံမျှဖြင့် ပီတိသောမနဿဖြစ်ရသည့်ဖြစ်စဉ်တစ်ခု**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် လွန်စွာအပြောကျယ်လှသကဲ့သို့ နိုင်ငံတော်အစိုးရတစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ စေတနာရှင်များ ပြည်သူလူထုတစ်ရပ်လုံးက ပါဝင်ဆောင်ရွက်ရသည့် (All Inclusiveness) လုပ်ငန်းဖြစ်သဖြင့် အားလုံးတွင် တာဝန်ရှိသည်ဟုဆိုချင်ပါသည်။ စာရေးသူအထက်တွင် တင်ပြခဲ့သည့်အတိုင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး နီးနွယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမည်ဟု သိရပါသည်။ ယခုစာရေးနေစဉ် စာရေးသူကြားသိရသည့် သတင်းတစ်ပုဒ်မှာ နှလုံးသားအတွင်း နက်ရှိုင်းစွာ ကြည်နူးဝမ်းမြောက်ရသည့်မင်္ဂလာသတင်းတစ်ခုဖြစ်၍ စာဖတ်သူများကြိုတင်သာဓုအနုမောဒနာခေါ်ဆိုနိုင်စေရန် မျှဝေလိုက်ပါသည်။ ယင်းသတင်းမှာလည်း လာမည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကျရောက်သည့် (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန်ကိုယ်တိုင် အသက်တစ်ရာကျော် သက်ကြီးဝါကြီးဘိုးဘွားများအား ဂုဏ်ယူစွာဖြင့် ဂုဏ်ပြုမှတ်တမ်းပေးအပ်မည့် အစီအစဉ်ရှိကြောင်းနှင့် ဘိုးဘွားများလိုအပ်သည့် ပစ္စည်းများဝယ်ယူအသုံးပြုနိုင်ရေးအတွက် ဂုဏ်ပြုငွေကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကြားသိရခြင်းပင်ဖြစ်ပါသည်။ ထို့မျှမက အသက်ရာကျော် သက်ကြီးဝါကြီးဘိုးဘွားများ အသက်ရှင်နေသမျှကာလပတ်လုံး **နှစ်စဉ်** ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေး၊ လူမှုရေးစောင့်ရှောက်ကူညီမှုများကို ဆက်လက်ပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါသတင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုအားလုံး၏ **လူသာဓုခေါ်-နတ်သာဓုခေါ်**မည့်သတင်းပင်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် **ပူဇာစ ပူဇနေယျာနံ** - ပူဇော်ထိုက်သူကို ပူဇော်ခြင်းဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို အားဖြည့်ပံ့ပိုးမင်္ဂလာပြုခြင်းဖြစ်ပါသည်။ ထိုသတင်းမှာ စာရေးသူ၏ရင်ကို တိုက်ရိုက်ထိမှန်သောသတင်းဖြစ်ပါသည်။ စာရေးသူပင် ဝမ်းသာပီတိကို ကြည်နူးနှစ်သိမ့်စွာ ခံစားရလျှင် ကာယကံရှင်အသက်ရာကျော်ဘိုးဘွားများနှင့် ၎င်းတို့၏မိသားစုဝင်သား၊ သမီး၊ မြေး၊ မြစ်များဆိုပါက အဘယ်မျှ **ဖရဏာပီတိဝွမ်းဆီထိကာ ပီတိသောမနဿ**ဖြစ်ကြမည်ဖြစ်ကြောင်း ခန့်မှန်း၍ မရနိုင်လောက်အောင် တွေးကြည့်ရုံမျှနှင့်ပင် ကြက်သီးမွေးညင်းထမိပါသည်။

**ရွှေရောင်လွှမ်းသည့် အနာဂတ်ပုံရိပ်များ**

စင်စစ်အားဖြင့် အနာကင်း၍ကျန်းမာသန်စွမ်းကာ သက်တမ်းစေ့နေနိုင်သော ဘိုးဘွားများမှာ လက်ရှိ လူမှုပတ်ဝန်းကျင် လူ့ဘောင်လောကအတွက် **စံပြုထိုက်သည့် စံပြပုဂ္ဂိုလ်များ**ဖြစ်ကြပါသည်။ ၎င်းတို့ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် နိုင်ငံတော်အစိုးရကိုယ်စား တာဝန်ယူထောက်ပံ့ပေးသဖြင့် ဘိုးဘွားများအနေဖြင့် အနာမဲ့စွာ ကျန်းမာသက်ရှည်ရေးကို ယခင်ကထက် ပိုမိုဂရုစိုက်လာမည်ဖြစ်ပါသည်။ ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံကောင်းများကို နောင်လာနောက်သားမျိုးဆက်သစ်များထံ လက်ဆင့်ကမ်းအမွေအဖြစ် ပေးဝေနိုင်မည်ဖြစ်ပါသည်။ လူငယ်လူရွယ်များအနေဖြင့်လည်း **ယနေ့လူငယ်၊ နောင်ဝယ်လူကြီး**ဖြစ်လာမည့် အနာဂတ်တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများဖြစ်၍ သက်ကြီးဝါကြီးဘိုးဘွားများကို လျစ်လျူရှုမထားဘဲ အလေးဂရုပြုစောင့်ရှောက်လာကြမည်ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် နိုင်ငံတော်သမ္မတကြီး၏ အားပေးထောက်ပံ့မှုများကို လေးစား၊ အားကျ၊ အတုယူကာ မိမိတို့ရပ်ကွက်/ကျေးရွာပတ်ဝန်းကျင်ရှိ အသက်ရာကျော်ဘိုးဘွားများအပါအဝင် သက်ကြီးဝါကြီးများထံမှ အတွေ့အကြုံကောင်းများ လေ့လာဆည်းပူးခြင်း၊ သက္ကစ္စဂါရဝအလေးဂရုပြုကာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် စေတနာ့ဝန်ထမ်းအသိစိတ်ဓာတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခြင်းစသည့် အလေ့အထကောင်းများ ဖြစ်ထွန်းလာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အတည်ပြုပြီးဖြစ်သည့် လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊ မဟာဗျူဟာနှင့် မဟာဗျူဟာလုပ်ငန်းစီမံချက်များသည် နိုင်ငံတော်အစိုးရချမှတ်ထားသည့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည့် လုပ်ငန်းများဖြစ်ပါကြောင်းနှင့် စာရေးသူတို့နိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအကောင်အထည်ဖော်ဆောင်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြလိုပါသည်။ အချုပ်အားဖြင့်ဆိုရသော် အသက်ရာကျော်ဘိုးဘွားများ၏ အနာဂတ်ကာလသည် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးထောက်ပံ့မှုများကြောင့် ယခင်နှစ်ကာလများနှင့်မတူဘဲ နှလုံးစိတ်ဝမ်းအေးချမ်းကာ ကြည်နူးပြုံးပျော်နိုင်မည်ဖြစ်သကဲ့သို့ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို တစ်ဆင့်ပြီးတစ်ဆင့် ပီပြင်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါက နိုင်ငံတော်အေးချမ်းသာယာဝပြော၍ နိုင်ငံသားများ၏ အနာဂတ်သည်လည်း လူမှုကာကွယ်စောင့်ရှောက်ရေး၏ အသီးအပွင့်များကို ခံစားစံစားနိုင်သဖြင့် **ရွှေရောင်လွှမ်းမည့် အနာဂတ်ပုံရိပ်များ**အဖြစ် ပီတိအတွေးဖြန့်ကြက်ရင်း စိတ်ကူးပုံဖော်နေမိပါတော့သည်။ ။





## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၁၄ ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြပါရှိသည့် အစိုးရသစ်ကာလအတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမြောက် အစီအမံများချမှတ်ခြင်း စာပိုဒ်(၂)တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်အား (၁၈-၁၁-၂၀၁၄) ရက်အစား (၁၈-၁၁-၂၀၁၃) ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(မွေး/ရေ)**






# နည်းဥပဒေရေးဆွဲမှုနှင့်ပတ်သက်၍ ဥပဒေပညာရှင်များ၏ အမြင်များ

သတင်းနှင့်ဓာတ်ပုံ
ခင်ချိုဝင်း

**ပညာရေးကဏ္ဍအတွက် အမျိုးသားပညာရေးဥပဒေကို ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေများကို ဆက်လက်ရေးဆွဲလျက်ရှိသည်။ ဥပဒေနှင့်နည်းဥပဒေကွာခြားမှု၊ နည်းဥပဒေရေးဆွဲရန် ရက်ကန့်သတ်ချက်၊ အများပြည်သူတို့၏ အကြံဉာဏ်ရယူမှု၊ ကျောင်းသား ယူနီယံနှင့် ဆရာယူနီယံများဖွဲ့စည်းမှုနှင့်ပတ်သက်သည့် အစီအစဉ်နှင့် နည်းဥပဒေပြီးဆုံးမည့်အချိန်ကာလတို့နှင့် ပတ်သက်၍ အမျိုးသားပညာရေးဥပဒေရေးဆွဲရာတွင် ပါဝင်ခဲ့သော တက္ကသိုလ် အသီးသီးမှ ဥပဒေပညာဌာန ပါမောက္ခ/ဌာနမှူးများနှင့် ပါမောက္ခများကို မြန်မာ့သတင်းစဉ်အဖွဲ့က တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ရပါသည်။**


ဒေါက်တာခင်ဖုန်းမြင့်ကြူ


ဒေါက်တာမေထား


ဒေါက်တာသီသီလွင်


ဒေါက်တာကြူကြူဆွေ


ဒေါက်တာဥမ္မာကျော်

**ဒေါက်တာခင်ဖုန်းမြင့်ကြူ**
**(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

အမျိုးသားပညာရေး ဥပဒေကိုတော့ ၂၀၁၃ ခုနှစ် နိုဝင်ဘာလကတည်းက စတင်ပြီးတော့ ရေးဆွဲခဲ့တာပါ။ အမျိုးသားပညာရေးဥပဒေကို အကောင်အထည်ဖော်နိုင်ဖို့ စတင်ကတည်းကိုက ပြည်သူလူထုတွေဆီက အကြံဉာဏ်တွေရယူတယ်။ ပညာရှင်တွေဆီကနေ အကြံဉာဏ်တွေရယူပါတယ်။ အဲ့ဒီရရှိလာတဲ့ အကြံဉာဏ်တွေပေါ်မှာ မူတည်ပြီးတော့ စိန်ရတုခန်းမမှာ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ ရရှိလာတဲ့ ဘယ်အချက်ကိုတော့ ကဏ္ဍအလိုက် ဥပဒေထဲမှာထည့်မယ်။ ဘယ်အချက်ကိုတော့ နည်းဥပဒေထဲမှာ ထည့်သွင်းမယ်။ ဘယ်အချက်ကိုတော့ ရေးဆွဲနေတဲ့အမျိုးသားပညာရေးဥပဒေမှာ ထည့်သွင်းရေးဆွဲပေးမယ်ဆိုပြီးတော့ ဆွေးနွေးမှုတွေလုပ်တယ်။ နည်းဥပဒေရေးဆွဲတာ မူကြမ်းအဖြစ်နဲ့ကတော့ ထွက်နေပါပြီ။ မကြာမီအချိန်အတွင်းမှာ ပြီးသွားမယ်လို့ပဲ ပြောလို့ရပါတယ်။

**ဒေါက်တာမေထား**
**(ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)**

တက္ကသိုလ် ပဋိညာဉ်စာတမ်းဆိုတာက အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၂၆ တက္ကသိုလ်များဟာ လွတ်လပ်တဲ့ သင်ကြားသင်ယူမှု၊ လွတ်လပ်စွာ စီမံခန့်ခွဲခွင့်စနစ်ကို ကျင့်သုံးရမယ်လို့ ပြဋ္ဌာန်းတဲ့အတိုင်း အဲ့ဒါကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် မိမိတက္ကသိုလ်တစ်ခုချင်းစီမှာပေါ့၊ မိမိတက္ကသိုလ်နဲ့ သက်ဆိုင်တဲ့ အုပ်ချုပ်ရေးအဖွဲ့၊ ပညာရေးအဖွဲ့ ဘယ်လိုဆောင်ရွက်မလဲဆိုတာကို ကိုယ့်တက္ကသိုလ်အလိုက် လွတ်လပ်စွာရေးဆွဲရမယ့် တက္ကသိုလ်ပဋိညာဉ်စာတမ်းပဲ ဖြစ်ပါတယ်။ အဲ့ဒီထဲမှာ ကျောင်းသားယူနီယံ၊ ဆရာယူနီယံတွေ ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာလည်း ကိုယ့်တက္ကသိုလ်အလိုက်ပဲ ရေးဆွဲနိုင်ပါတယ်။ အခုဆိုရင်တော့ တက္ကသိုလ်တွေမှာ ကိုယ့်ပဋိညာဉ်စာတမ်းအကြမ်းအကုန်ရေးဆွဲထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ အားလုံးကို ချပြပြီး သဘောတူညီချက်ရယူပြီးတော့မှ အဲ့ဒီ ပဋိညာဉ်စာတမ်းတွေကို ရေးဆွဲပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဒေါက်တာသီသီလွင်**
**(ပါမောက္ခ၊ ဥပဒေပညာဌာန၊ တောင်ငူတက္ကသိုလ်)**

အမျိုးသားပညာရေးဥပဒေကို အကောင်အထည်ဖော်ဖို့ နည်းဥပဒေတွေ ကဏ္ဍလိုက် ဥပဒေတွေ ဆက်ပြီးရေးဆွဲနေတယ်။ နည်းဥပဒေရေးဆွဲဖို့က မိခင်ဥပဒေမှာ ဘယ်နှရက်အတွင်း အပြီးရေးဆွဲရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မပါပါဘူး။ မိခင်ဥပဒေမှာ ရက်ပေါင်း ၉၀ အတွင်း အပြီးရေးဆွဲရမယ်ဆိုရင် ရက်ပေါင်း ၉၀ အတွင်း အပြီးရေးဆွဲရပါမယ်။ ရက်ပေါင်း ၆၀ အပြီးရေးဆွဲရမယ်ဆိုရင် ရက်ပေါင်း ၆၀ အတွင်း အပြီးရေးဆွဲရပါမယ်။ အခုပြဋ္ဌာန်းထားတဲ့ မိခင်ဥပဒေဖြစ်တဲ့ အမျိုးသားပညာရေး ဥပဒေမှာ ဘယ်နှရက်အတွင်း အပြီးရေးဆွဲရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မပါပါဘူး၊ အရေးကြီးတဲ့ကဏ္ဍဖြစ်နေတဲ့အတွက် နည်းဥပဒေတွေ ကဏ္ဍအလိုက် ဥပဒေတွေကို အမြန်ဆုံးထုတ်ပြန်နိုင်အောင်လို့ ဆောင်ရွက်နေပါတယ်။

**ဒေါက်တာကြူကြူဆွေ**
**(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)**

အမျိုးသားပညာရေး ဥပဒေရေးဆွဲတုန်းက အများပြည်သူရဲ့အကြံဉာဏ်ကို ရယူမှုရှိခဲ့ပါတယ်။ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ ဥပဒေပြုစုရေးလုပ်ငန်းအဖွဲ့ စတင်ပြီး စိန်ရတုမှာ ရုံးထိုင်တဲ့အချိန်က စပြီးတော့မှ အများပြည်သူတွေ အကြံပေးဖို့အတွက် သတင်းစာထဲမှာထည့်ပြီးတော့မှ စိန်ရတုခန်းမကို စာဖြင့် ဖြစ်စေ၊ email နဲ့ဖြစ်စေ ပေးပို့နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါတယ်။

အမျိုးသားပညာရေးဥပဒေရေးဆွဲစဉ်ကာလတုန်းက ရယူထားတဲ့ အကြံဉာဏ်တွေဟာ တချို့ဟာတွေက အမျိုးသားပညာရေး ဥပဒေမှာ ထည့်သွင်းပြီးတော့ ပြဋ္ဌာန်းပါတယ်။ တချို့ဟာတွေကတော့ ကဏ္ဍအလိုက် ဥပဒေမှာ ထည့်ပြီးပြဋ္ဌာန်းဖို့အတွက် နည်းဥပဒေကျရင် ထည့်ဖို့အတွက် ခွဲခြားထားပါတယ်။

ခုတော့ ကဏ္ဍအလိုက် ဥပဒေတွေလည်း ပြုစုနေပါပြီ။ နောက်မကြာခင်ကာလအတွင်းမှာ အများပြည်သူတွေကို ချပြပြီးတော့မှ ဆန္ဒရယူဖို့အတွက် စီစဉ်နေပါတယ်။ နည်းဥပဒေနဲ့ကဏ္ဍအလိုက် ဥပဒေတွေ ရေးဆွဲမှုက မကြာခင်ကာလအတွင်း ပြီးမယ်လို့ ပြောချင်ပါတယ်။ သိပ်အကြာကြီးတော့ မဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းပြီးတဲ့အခါမှာ အကောင်အထည်ဖော်ဖို့အတွက် နည်းဥပဒေလိုတဲ့အတွက်ကြောင့် မကြာခင်ကာလအတွင်း ထုတ်ပြန်နိုင်ဖို့ စီစဉ်နေပါတယ်။

**ဒေါက်တာဥမ္မာကျော်**
**(ဥပဒေပြုစုရေးဆွဲရေးအဖွဲ့ခေါင်းဆောင်)**

အမျိုးသားပညာရေးဥပဒေဆိုတာကတော့ Policy Law ပင်မဥပဒေတစ်ရပ်ဖြစ်ပြီးတော့မှ မြန်မာနိုင်ငံမှာရှိတဲ့ ပညာရေးကဏ္ဍအားလုံးအတွက် လွှမ်းခြုံတဲ့ကိစ္စရပ်တွေအားလုံးကို ရေးဆွဲထားတဲ့ ဥပဒေတစ်ရပ်ဖြစ်တယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် မူဝါဒတွေချမှတ်ပေးတဲ့ ဥပဒေပေါ့။ အမျိုးသားပညာရေးဥပဒေမှာပါတဲ့ အခြေခံမူတွေ၊ ရည်မှန်းချက်တွေ၊ တာဝန်တွေ၊ အခွင့်အရေးတွေ၊ ပညာရေးနဲ့ပတ်သက်ပြီးတော့မှ အရည်အသွေး စီမံခန့်ခွဲဖို့ ဘယ်လိုဆောင်ရွက်မလဲဆိုတာတွေ၊ အဲ့ဒီအသေးစိတ်ကိစ္စရပ်တွေ အားလုံးကို ဆက်လက်ဆောင်ရွက်ဖို့အတွက် လက်တွေ့ အကောင်အထည်ဖော်တဲ့အခါမှာ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ရေးဆွဲဖို့အတွက်က နည်းဥပဒေဆိုတာလိုအပ်လာတယ်။

အဲ့ဒီနည်းဥပဒေမှာ လုပ်ထုံးလုပ်နည်းအသေးစိတ်တွေ ပါပြီးတော့မှ ရေးဆွဲတာဖြစ်တဲ့အတွက်ကြောင့်မို့ လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာလည်း ဒီလုပ်ထုံးလုပ်နည်းတွေနဲ့အညီ အကောင်အထည်ဖော်တဲ့အခါ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မယ်။

ကဏ္ဍလိုက် ဥပဒေဆိုတာက အမျိုးသားပညာရေး ဥပဒေရဲ့အောက်မှာ အမျိုးသားပညာရေး ဥပဒေရဲ့ လွှမ်းခြုံထားတဲ့အထဲမှာ ပညာရေးကဏ္ဍအသီးသီးပါပါတယ်။

အခြေခံ၊ အဆင့်မြင့်၊ နည်းပညာနဲ့သက်မွေး၊ ဆရာအတတ်ပညာ၊ ပုဂ္ဂလိကတက္ကသိုလ်၊ ပုဂ္ဂလိကကျောင်း စတဲ့ အဲဒီကဏ္ဍအလိုက် ဥပဒေတွေဆိုတာက သက်ဆိုင်ရာကဏ္ဍအသီးသီးနဲ့သာ သက်ဆိုင်တဲ့ ဥပဒေတွေဖြစ်တယ်။ ပြီးတော့ အဲ့ဒီသက်ဆိုင်ရာကဏ္ဍအသီးသီးနဲ့ သက်ဆိုင်တဲ့ ဥပဒေတွေလည်း နောက်ထပ်သူ့ရဲ့ နည်းဥပဒေဆိုတာ ထပ်ပြီးရှိလာမှာဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေထဲမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အသေးစိတ်အကောင်အထည်ဖော်တဲ့အခါမှာ လွယ်ကူစွာအကောင်အထည်ဖော်နိုင်ဖို့အတွက် စောစောက ပင်မဥပဒေမှာ နည်းဥပဒေရှိသလို ကဏ္ဍအလိုက် ဥပဒေတွေမှာလည်း နည်းဥပဒေတွေ ဆက်လက်ရေးဆွဲပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကျောင်းသားအနည်းစုက ထင်မြင်နေတာကတော့ ဒီအမျိုးသားပညာရေးဥပဒေကြီးထွက်ပြီးပြီ။ သူတို့ဆန္ဒပြလိုက်တယ်ဆိုလို့ရှိရင် သူတို့ဆန္ဒအတိုင်းပဲ၊ ဒါဟာ ပယ်ဖျက်နိုင်တယ်။ ပြင်ဆင်နိုင်တယ်လို့ လွယ်လွယ်ကူကူတွေးပေမယ့် ဒီဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းတဲ့အခါမှာ လွှတ်တော်အသီးသီးကနေပြီးတော့မှ အသေးစိတ် ဝိုင်းဝန်းဆွေးနွေးပြီးတဲ့အခါကျတော့ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်နဲ့ ပြဋ္ဌာန်းထားတာဖြစ်တယ်။ ဒါကလည်း ဥပဒေတစ်ရပ်ကို သတ်မှတ်ထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ နည်းလမ်းနဲ့အညီ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းထားတာဖြစ်တယ်။

အဲ့ဒီ ဥပဒေတစ်ရပ်ကို ဖျက်သိမ်းဖို့ဆိုလို့ရှိရင်လည်း အခု သတ်မှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီပဲ ဒီဥပဒေတွေကို ဖျက်သိမ်းနိုင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်တွေမှာပဲ ဥပဒေဖျက်သိမ်းနိုင်တဲ့ အာဏာရှိပါတယ်။

ဥပဒေတွေက အာဏာတည်တယ်၊ သက်ဝင်လှုပ်ရှားတယ်၊ တစ်နည်းအားဖြင့် ဒီဥပဒေတွေ စည်းနှောင်မှုရှိတယ်ဆိုတာက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို လေ့လာကြည့်ရမှာဖြစ်ပါတယ်။ အဲ့ဒီပြဋ္ဌာန်းထားတဲ့ဥပဒေမှာ ဒီဥပဒေသည် ဘယ်နေ့ဘယ်ရက်က စပြီး အာဏာတည်တယ်ဟု ဥပဒေအမျိုးအစားဆိုရင်တော့ အဲ့ဒီဥပဒေမှာပါတဲ့ သတ်မှတ်ထားတဲ့နေ့ရက်မှာ အဲ့ဒီဥပဒေသည် အာဏာတည်ပြီး သက်ဝင်လှုပ်ရှားလာမှာဖြစ်ပါတယ်။ အဲ့ဒီလိုမျိုးဥပဒေမှာ အာဏာတည်မယ့်ရက်ကို သတ်မှတ်မထားဘူးဆိုလို့ရှိရင် အဲ့ဒီဥပဒေထုတ်ပြန်လိုက်တဲ့နေ့ရက်ကစပြီးတော့မှ သက်ဝင်လှုပ်ရှားပြီးတော့ စည်းနှောင်မှုရှိလာမှာဖြစ်တယ်။

အခုလို သိရှိလိုသည်များကို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့ ပါမောက္ခများကို အထူးကျေးဇူးတင်ပါတယ်ရှင့်။ ။

## ❖ ရန်ကုန်မှ

ဦးထွန်းငြိမ်းလမ်းဆုံ မီးပွိုင့်၊ ပြည်လမ်းနှင့် ပါရမီလမ်းဆုံမီးပွိုင့်၊ ကမ္ဘာအေးစေတီလမ်းနှင့် ဂန္ဓမာလမ်းဆုံမီးပွိုင့်၊ ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁)လမ်းဆုံမီးပွိုင့်၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းမီးပွိုင့်၊ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းဆုံမီးပွိုင့် (၁၀)နေရာကို တပ်ဆင်ပေးခဲ့ရာ ယခုအခါ မီးပွိုင့်မီးအိမ်များတပ်ဆင်ပြီးစီး၍ ကမ္ဘာအေးစေတီလမ်း၊ စီဒိုးနားဟိုတယ်နှင့် စက်မှု(၁) လမ်းဆုံအနီးရှိ အင်းလျားကန်ထောင့်တွင် မီးပွိုင့်များအား ဗဟိုထိန်းချုပ်စက်ပစ္စည်းများ တပ်ဆင်ရန်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ဆက်လက်၍ ဂျပန်-မြန်မာ WAKO ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသီလက "ကျွန်တော်တို့နမူနာပြရွှေ့ပြောင်းစမ်းသပ်ရွေးချယ်တဲ့ကမ္ဘာအေးစေတီလမ်းနဲ့ ပါရမီလမ်းဆုံမီးပွိုင့်ကို အခြေပြုရွေးချယ်ရခြင်းမှာ ကမ္ဘာအေးစေတီလမ်းမှ ရှေ့ဘက်ကို ကြည့်ရင် တောင်ဥက္ကလာပမြို့နယ်မှ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)မြို့နယ်တွေရဲ့ ယာဉ်စီးဆင်းမှုနဲ့ ကမ္ဘာအေးစေတီလမ်းရဲ့ အနောက်ဘက်ပြည်လမ်းတို့ဟာ ယာဉ်စီးဆင်းမှု ပမာဏဟာအလွန်ပင်များပြားစွာ သွားလာမှုကို ချိတ်ဆက်နိုင်တဲ့ အခြေအနေတစ်ရပ်ကိုတွေ့ရှိရ၍ ပါရမီ၊ ကမ္ဘာအေးစေတီလမ်း ယာဉ်စီးဆင်းမှုရဲ့ တောင်မြောက်ယာဉ်များခွဲထွက်မှုများကို မှတ်တမ်းပြုရာတွင် အကောင်းဆုံးဖြစ်နိုင်ခြေရှိမယ်လို့ ယူဆပြီး ဒီကမ္ဘာအေးစေတီလမ်းနဲ့ ပါရမီလမ်းဆုံမီးပွိုင့်ကိုအခြေပြုပြီး နမူနာပြရွှေ့ပြောင်းစမ်းသပ်မီးပွိုင့် ၁၀ ခုကို ဗဟိုပြုရွေးချယ်ရခြင်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယခု နမူနာပြရွှေ့ပြောင်းစမ်းသပ်တဲ့စီမံကိန်းရဲ့ ကောင်းကျိုးနဲ့ပတ်သက်ပြီး ဦးသီလက "ဂျပန်နည်းပညာအရပြောမယ်ဆိုရင် အခုရန်ကုန်မှာ မီးပွိုင့်ယာဉ်ကြောကျပ်တည်းမှုနှင့် အထွေထွေ ယာဉ်ကြောကျပ်မှုဟာ မီးပွိုင့်အချိန်ကြာမြင့်မှုကို လျှော့ချတဲ့စနစ်နဲ့ ထိန်းချုပ်မှာဖြစ်ပါတယ်။ ဂျပန်အင်ဂျင်နီယာရဲ့စနစ်ကို ကျွန်တော်သိသလောက်ပြောရရင် မီးပွိုင့်မှာ ကြာချိန် ၁၀ မိနစ်ကို ယာဉ်များရပ်ဆိုင်းချိန်လျှော့ချတဲ့စနစ်ပဲဖြစ်တယ်။ ဂျပန်ရဲ့နည်းစနစ်ကြာချိန် ၆ မိနစ်မှာ ယာဉ်ဟာ သွားနေတဲ့အချိန် ၆ မိနစ်အတွင်း တခြားမီးပွိုင့်တစ်ခုကိုရောက်ရှိပြီး ယာဉ်စီးဆင်းမှုများကို လျင်မြန်စေပြီး ရပ်ဆိုင်းနေရတဲ့အချိန်များကို လျှော့ချသွားမှာဖြစ်တယ်၊ နောက်ပြီး ဒီစနစ်ကျင့်သုံးတဲ့အတွက်လက်ရှိ လမ်းအမှတ်အသား မျဉ်းများကို အသစ်ပြန်လည်ရေးဆွဲရမှာဖြစ်ပါတယ်။ နမူနာမှာ မီးပွိုင့် ၁၀ ခုတွင် အသစ်သုံးခု ထပ်မံတည်ဆောက်ရတဲ့အတွက် စမ်းသပ်စနစ်အောင်မြင်ရင် လက်ရှိ မီးပွိုင့် ၁၆၉ ခုထက် ကျော်လွန်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ **(စောသိန်းဝင်း)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**သာယာဝတီ ဒီဇင်ဘာ ၃**

သာယာဝတီမြို့နယ် အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများ စုပေါင်း၍ ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ အများပြည်သူသွားလာရာ နေရာများရှိ ၄၀၀ ဗို့လိုင်းများတွင် Short Link များ တပ်ဆင်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၃၀ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

**လျှပ်စစ်သုံးလျှင်**
**သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စု ယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ ကျင်းပ

**ပလက်ဝ ဒီဇင်ဘာ ၃**

ချင်းတိုင်းရင်းသား ခူမီးမျိုးနွယ်စု ယဉ်ကျေးမှုပြတိုက်ကို ဒီဇင်ဘာ ၁ ရက် နံနက် ၇ နာရီက ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ရိက္ခာရပ်ကွက်၌ ဖွင့်လှစ်ခဲ့သည်။

ခူမီးမျိုးနွယ်စုယဉ်ကျေးမှု ပြတိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစနီအောင်က “ခူမီးလူမျိုးတွေရဲ့ စာပေနဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ခူမီးလူမျိုးတွေရဲ့ သမိုင်းကြောင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ ထုံးတမ်းဓလေ့တွေကို မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ဖို့ ဖွင့်လှစ်ရခြင်း ဖြစ်ပါတယ်”ဟု ပြောသည်။

ယဉ်ကျေးမှုပြတိုက်တွင် ခူမီးလူမျိုးတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ကိုးကွယ်မှု၊ ဓလေ့ထုံးစံများ၊ ငွေသားဖြင့်ပြုလုပ်ထားသော လက်ဝတ်တန်ဆာများ၊ လည်ဆွဲများ၊ ခါးပတ်ကြိုးများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ တူရိယာပစ္စည်းများ၊ မောင်းများ၊ ရှေးခေတ်လက်နက်ကိရိယာများ၊ အသုံးအဆောင်များ၊ ဒိုင်း၊ လှံ၊ ဓား၊ ခရာ စသည်ဖြင့် အမျိုးပေါင်း ၆၀ နီးပါး ပြသထားကြောင်း သိရသည်။

ခူမီးစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ ကြီးမှူး၍ ၂၀၁၀ ခုနှစ် ဧပြီ ၁၁ ရက်က တောင်တန်းသာသနာပြုဆရာတော် ဦးပညာသာမိနှင့် ကက်သလစ်အသင်းတော်မှ ဖာသာပေါလ်ထွန်းခိုင်တို့က ယဉ်ကျေးမှုပြတိုက်အား အုတ်မြစ်ချခဲ့ကြောင်း သိရသည်။

အဆိုပါ ခူမီးမျိုးနွယ်စု ယဉ်ကျေးမှုပြတိုက်သည် အလျား ၃၂ ပေ၊ အနံ ၂၇ ပေနှင့်အပေါ်ဝရန်တာ အလျား ၇ ပေ၊ အနံ ၁၂ ပေရှိ သုံးထပ်အဆောက်အအုံဖြစ်ပြီး ကျပ်သိန်းပေါင်း ၆၁၅ သိန်းအကုန်အကျခံ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။

**နေလင်း(သတင်းစဉ်)**



# ဘွန်ဒက်လီဂါ ပွဲစဉ်(၁၄)

*ဝင်း ထွင့် ဦး*

**ဒီဇင်ဘာ ၆၊ ၇ ရက်များတွင် ကစားမည့် ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၄)မှ စိတ်ဝင်စားစရာကောင်းနေသည့် ငါးပွဲကို ကြိုခံစားကြည့်လိုက်မိပါသည်။**

## ဟန်နိုဗာ-ဝုဖ်ဘတ် ည ၉း၀၀(၆-၁၂-၁၄)

မိုချင်ဂလတ်ဘက်ကို အနိုင်ယူပြီး အဆင့် (၂) နေရာမှာ ဆက်လက်ရပ်တည်နေသည့် ဝုဖ်ဘတ်အသင်း ဟန်နိုဗာအိမ်ကွင်းမှာလည်း ရလဒ်ကောင်းဆက်တိုက်ရရန် ဂရုစိုက်ကစားပါလိမ့်မည်။ ဟန်နိုဗာအသင်းအိမ်ကွင်းပွဲ ကစားရမည်ဖြစ်သော်လည်း ကစားအားကောင်းမွန်နေသည့် ဝုဖ်ဘတ်ကိုယှဉ်နိုင်ဖို့မလွယ်လှပါ။ နောက်ဆုံးတွေ့ဆုံခဲ့ရသည့် အိမ်ကွင်းနှစ်ပွဲဆက် ဟန်နိုဗာတို့ အသာရခဲ့သော်လည်း ယခုပွဲသရေသာအမြင့်ဆုံး မျှော်လင့်ရဖွယ်ရှိနေသည်။

## စတုဂတ်-ရှော်ကေး ည ၉း၀၀ (၆-၁၂-၁၄)

ပွဲစဉ် (၁၃)မှာ တိုက်စစ်အစွမ်းပြပြီး နိုင်ပွဲကိုယ်စီရယူခဲ့သည့် နှစ်သင်းတွေ့ဆုံမှုဖြစ်၍ ပြိုင်ဆိုင်မှုပြင်းထန်ဦးမည်ဖြစ်သည်။ စတုဂတ်က အိမ်ကွင်းပွဲဖြစ်သဖြင့် ပိုအားစိုက်ပေလိမ့်မည်။ သို့မှသာ တန်းဆင်းဇုန်ကလွတ်မြောက်နိုင်မည်ဖြစ်သည်။ နောက်ဆုံးအိမ်ကွင်းပွဲကစားခဲ့စဉ်က စတုဂတ်အနိုင်ရထားသလို ယခုပွဲတွင်လည်း ရှုံးပွဲမကြုံရအောင် ကစားလိမ့်မည်ဟုသုံးသပ်မိသည်။

## မိုချင်ဂလတ်ဘတ်-ဟာသာဘာလင် ည ၉း၀၀(၆-၁၂-၁၄)

မိုချင်ဂလတ်ဘက်အသင်း ဘွန်ဒက်လီဂါပွဲစဉ် သုံးပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ထားသဖြင့် ဟာသာဘာလင်နှင့် အိမ်ကွင်းပွဲမှာ ရလဒ်ကောင်း မဖြစ်မနေပြန်ရယူပါလိမ့်မည်။ ဟာသာဘာလင်၏ အဝေးကွင်းကစားအားကလည်း အားရစရာ အနေအထားမဟုတ်၍ အိမ်ရှင်အသင်းကပ်ပြီး အောင်ပွဲခံသွားနိုင်ပါသည်။

## ဘိုင်ယန်မြူးနစ်-လေဗာကူဆင် ည ၁၂း၀၀ (၆-၁၂-၁၄)

အိမ်ကွင်းရာနှုန်းပြည့် အနိုင်ရယူထားသည့် ဘိုင်ယန်မြူးနစ်ကို လေဗာကူဆင်အသင်း ဟန့်တားနိုင်ပါ့မလား။ အိမ်ကွင်းမှာ တစ်ဦးချင်းအပြင် အသင်းလိုက်ကစားအားပါ အကောင်းဆုံးပုံစံ *(Peak Form)* ရနေသည့်ဘိုင်ယန်မြူးနစ်သာ အသာစီးရယူသွားပေလိမ့်မည်။

## ဟမ်းဘတ်-မိန့်ဇ် ည ၉း၀၀(၇-၁၂-၁၄)

ပြီးခဲ့သည့်ပွဲစဉ်မှာ ဂိုးပြတ်ရှုံးပွဲကြုံတွေ့ထားသည့် နှစ်သင်းတွေ့ဆုံမှုဖြစ်၍ နှစ်သင်းစလုံးနိုင်ပွဲပြန်ရှာတွေ့အောင် အားထည့်ရုန်းကြပါလိမ့်မည်။ တန်းဆင်းဇုန်ကျရောက်နေသည့် ဟမ်းဘတ်က အိမ်ကွင်းပွဲကစားရမည်ဖြစ်သဖြင့် မိန့်ဇ်ထက်ပိုဂရုစိုက်မှာဖြစ်သည်။ အနိုင်/အရှုံးအဖြေမထွက်ဘဲ သရေနှင့်ပွဲပြီးသွားနိုင်သည်ဟု သုံးသပ်မိသည်။



# မန်စီးတီးကစားသမားများကို ခေါ်ယူရန် အင်တာမီလန် ပြင်ဆင်

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် လာမည့်ဇန်နဝါရီကာလအတွင်း အသင်းကိုအားဖြည့်ပြင်ဆင်မှု တစ်ရပ်အနေဖြင့် မန်စီးတီးအသင်း၏ ကစားသမားများဖြစ်ကြသည့် နက်စတာဆစ်၊ ကိုလာရော့ဗ်၊ မီလ်နာတို့အားခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ အင်တာမီလန်အသင်းမှာ လာမည့် ဇန်နဝါရီကာလအတွင်း ကစားသမားသစ်များကို အားဖြည့်ခေါ်ယူရန်စီစဉ်နေပြီး မန်စီးတီးအသင်းတွင် ပုံမှန်နေရာရရှိရန် ရုန်းကန်နေရသည့် ၎င်းတို့အား ပစ်မှတ်ထားစောင့်ကြည့်လာခြင်းလည်းဖြစ်သည်။ အင်တာမီလန်နည်းပြဖြစ်သူ မန်စီနီမှာ မန်စီးတီးအသင်းတွင် အတူလက်တွဲခဲ့ဖူးသည့် ကစားသမားများအား ပြန်လည်ခေါ်ယူရန် ဆန္ဒရှိနေပြီး ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အသင်းသို့ အရောက်ခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း အီတလီမီဒီယာများက ဖော်ပြခဲ့ကြသည်။ မန်စီးတီးအသင်းမှာ ကိုလာရော့ဗ်၊ မီလ်နာတို့အားလက်လွှတ်ရန် ဆန္ဒမရှိသော်လည်း နက်စတာဆစ်ကိုမူ အပြီးသတ်ရောင်းထုတ်သွားရန် စီစဉ်နေခြင်းဖြစ်သည်။ ထို့ကြောင့် အင်တာမီလန်အသင်းမှာ ၎င်းတို့သုံးဦးအား တစ်ပါတည်းခေါ်ယူသွားရန် ပြင်ဆင်လျက်ရှိပြီး အပြီးသတ်စာချုပ်ချုပ်ဆိုရန် အဆင်မပြေပါက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူသွားဖွယ်ရှိကြောင်း အီတလီသတင်းစာ *Gazzetta dello* ကဖော်ပြခဲ့သည်။ အင်တာမီလန်နည်းပြဖြစ်သူ မန်စီနီမှာ အင်တာမီလန်၊ မန်စီးတီး၊ ဂါလာတာစာရေး စသည့်နာမည်ကျော် ကလပ်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက အင်တာမီလန်အသင်းနှင့် ပြန်လည်လက်တွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

# ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ ဘိန်းခင်းဧက ၂၅၀ ကျော် ရှာဖွေဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ဘိန်းခင်းဖျက်ဆီးရေး ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်က နားခိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်အတူ ထမ့်ယမ်းကျေးရွာ ပတ်ဝန်းကျင်ရှိ ဘိန်းခင်းများအား ရှာဖွေဖျက်ဆီးခဲ့ရာ ကျေးရွာတောင်ဘက် ၆ ဖာလုံခန့်အကွာမှ အမြင့် ၁ ပေခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း ၃၂ ဧက၊ ကျေးရွာတောင်ဘက် ၁ မိုင်ခန့်အကွာတွင် အမြင့် ၁ ပေခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း ဧက ၃၀၊ ကျေးရွာအရှေ့တောင်ဘက် ၆ ဖာလုံခန့်အကွာတွင် အမြင့် ၁ ပေခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း ၃၃ ဧကနှင့် ကျေးရွာအရှေ့တောင်ဘက် ၁ မိုင်ခန့်အကွာတွင် အမြင့် ၁ ပေခန့်ရှိ ဖွံ့ဖြိုးဆဲဘိန်းခင်း ၃၁ ဧကတို့ကို တွေ့ရှိဖျက်ဆီးနိုင်ခဲ့သည်။

အလားတူ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သော ဘိန်းခင်းဖျက်ဆီးရေး ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် လတိန်ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ခေါင်းအိကျေးရွာအုပ်စု၊ လတိန်ကျေးရွာ အရှေ့တောင်ဘက် ၂ မိုင်ခန့်အကွာတွင် အမြင့် ၂ ပေခန့်ရှိ ဘိန်းခင်း ၄၂ ဧက၊ ရီနွဲ့ကျေးရွာအုပ်စု လအိရွာတောင်ဘက် ၁ မိုင်ခန့်အကွာတွင် အမြင့် ၃ ပေခွဲရှိ သီးပွင့်ဆဲ ဘိန်းခင်း ၁၅ ဧက၊ အမြင့် ၃ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁၄ ဧကနှင့် လအိကျေးရွာ အရှေ့တောင်ဘက် ၁ မိုင်ခွဲခန့်အကွာတွင် အမြင့် ၃ ပေခန့်ရှိ သီးပွင့်ဆဲဘိန်းခင်း ၁၈ ဧကတို့ကို တွေ့ရှိဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ဘိန်းခင်းဖျက်ဆီးရေး ပူးပေါင်းအဖွဲ့သည် လွိုင်လင်ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ခုတ်လောကျေးရွာနှင့် ရှမ်းပြည်နယ်ဖယ်ခုံမြို့နယ်အစပ်ရှိ တောင်ကြောပေါ်တွင် အမြင့် ၁ ပေခန့်ရှိ ဘိန်းခင်း ၆ ဒသမ ၃ ဧကခန့်၊ ဖရူးဆိုမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မိုဆိုကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်အတူ ဖရူးဆိုမြို့နယ် မိုဆိုကျေးရွာအုပ်စု ဒေါခရောခူကျေးရွာအနောက်မြောက်ဘက် ၃ မိုင်ခန့်အကွာရှိ တောင်စောင်းများတွင် အမြင့် ၆ လက်မမှ ၂ ပေခွဲခန့်ရှိ ဘိန်းခင်း ၃၇ ဧကတို့ကို တွေ့ရှိဖျက်ဆီးနိုင်ခဲ့ပြီး စုစုပေါင်း ဘိန်းခင်း ၂၅၈ ဒသမ ၃ ဧကရှာဖွေဖျက်ဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော *PTTEP International Limited* သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် *M-3* နှင့် *M-9* တို့တွင် *Geotechnical Site Investigation (GTI) Survey* လုပ်ငန်းကို တိုင်းတာရေးရေယာဉ် *MV MARINER (Call Sign : HO9324)* ဖြင့် အောက်ဖော်ပြပါ *Coordinates* များတွင် ဒီဇင်ဘာ ၁၃ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည် -

(က) လုပ်ကွက်အမှတ် *M-3*

| Point | Latitude | Longitude |
| --- | --- | --- |
| ASK-Ex1 | 15° 25' 59.1438"N | 95° 30' 6.9993"E |
| ASK-6 Up-dip | 15° 24' 40.0620"N | 95° 16' 42.3725"E |

(ခ) လုပ်ကွက်အမှတ် *M-9*

| Point | Latitude | Longitude |
| --- | --- | --- |
| ZWP-8(Zawtika-8) | 14° 12' 4.9821"N | 95° 48' 31.6387"E |
| ZWP-9(Kakonna-4) | 14° 14' 21.5826"N | 96° 09' 34.0474"E |
| ZWP-10(M9-ZTK-08) | 14° 09' 11.6413"N | 96° 05' 9.3991"E |
| ZWP-11(M9-ZTK-35) | 14°15' 4.9723"N | 95° 56' 16.7362"E |
| ZWP-7 | 14° 10' 21.1473"N | 96°04' 39.2333"E |

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပုသိမ်ကြီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၄၀ သိမ်းဆည်းရမိ



**မြင့်ဦးနှင့် မအေးဥတို့နှစ်ဦးအား သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်တပ်ဖွဲ့ခွဲ (၁)မန္တလေးနှင့် မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေးမြောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က သတင်းအရ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ “ရတနာလင်း” စားသောက်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာသူ မြင့်ဦးနှင့် မအေးဥတို့နှစ်ဦးအားရှာဖွေရာ မြင့်ဦးယူဆောင်လာသည့် မုန့်ထုပ်အတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ငယ် ၁၈ အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၅၄၀ ကို သိမ်းဆည်းရမိသဖြင့် မြင့်ဦး (၂၇)နှစ်နှင့် မအေးဥ (၃၀)နှစ်တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း

**ယမန်နေ့မှအဆက်**

၃၄။ သို့ရာတွင် မိန်းမကဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျာ်း၏ ဘာသာရေးဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ထိုသို့သော ဘာသာရေးဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ်က ဖြစ်စေ၊ ယောကျာ်းအား ထိုဗုဒ္ဓဘာသာဝင် မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ကွာရှင်းလိုသော် ထိုမိန်းမသည်ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်နေ့မှ သင့်လျော်သည့် ကာလ အပိုင်းအခြားအတွင်း ယောကျာ်း သို့မဟုတ် မိန်းမက ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်-

(က) ယောကျာ်းက မိန်းမကို ကွာရှင်းလျှင်-

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမ နေထိုင်ရသည့် အတန်းအစားအခြေအနေအောက် မလျော့သော အခြေအနေတွင် ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှကာလပတ်လုံး ယောကျာ်းက မိန်းမအား ပေးရမည်။

(၂) မိန်းမသည်ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီက ယောကျာ်းတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(၄) ယောကျာ်းသည် အရွယ်မရောက်သေးသည့် သားသမီးများ အတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျာ်းကို ကွာရှင်းလျှင်-

(ကက) မိန်းမကဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျာ်းတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(ခခ) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(ဂဂ) ယောကျာ်းသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၅။ ပုဒ်မ ၃၁ မှ ပုဒ်မ ၃၄ အထိ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ၎င်း၏ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျာ်းတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ်ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျာ်းက ဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့် အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စ အားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၆။ ဤဥပဒေအရထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟုမှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ ဖွားမြင်သောသားသမီးများသည် တရားဝင်သားသမီးများ ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၁၀)
## ပြစ်မှု နှင့် ပြစ်ဒဏ်များ

၃၇။ ပုဒ်မ ၁၆ နှင့် ၁၈ အရ ကန့်ကွက်ခြင်းသည် သဘောရိုးနှင့်ကန့်ကွက်ခြင်း မဟုတ်ဟု တရားရုံးက ထင်မြင်လျှင် ငွေကျပ်၅၀၀၀၀ ထက်မပိုသည့် လျော်ကြေးငွေကို ကန့်ကွက်သူက ထိမ်းမြားမည့်သူနှစ်ဦးအားပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၃၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျာ်းသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) (ခ) (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား ၆ လအထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေကျပ် ၅၀၀၀၀၀ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျာ်းသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ထိုသူအား ၃ နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၄၀။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျာ်းသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၂၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျာ်းသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဆ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၉၅-က အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၂။ မည်သူမဆို မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ပါရှိသည့် (ဤဥပဒေအရ ပြဋ္ဌာန်းထားသော) ထုတ်ဖော်ချက်ကိုသော်လည်းကောင်း၊ ထိုသို့သော သက်သေခံလက်မှတ်ကိုသော်လည်းကောင်း ပြုလုပ်လျှင် သို့မဟုတ် လက်မှတ်ရေးထိုးလျှင် သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံလျှင် ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ ပြစ်မှုကို ကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ) (၁) နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ (စ) (၂) ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေးလျှင် ထိုအရာရှိသည် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ခံထိုက်စေရမည်။

၄၄။ ၁၉၅၄ ခုနှစ်၊ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှု အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

### ဇယား
### ပုံစံ-က(ယောကျာ်းအတွက်)
### (ပုဒ်မ ၁၁ ကိုကြည့်ရန်)
### ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ

**-------------------------ခရိုင်။**

**-----------------------မြို့နယ်။**

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်ုပ်သည် ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများဖော်ပြပါရှိသော တစ်ဖက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားရန်ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း(၁)**

(က) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့် အရပ်၊
(ဆ) မိဘများ၏အမည်-
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများအသက်ရှင်လျက် မရှိလျှင်)အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့် နေရပ်၊
(ဌ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ၊
(ဍ) ယခင်မယား အသက်ရှင်လျက်ရှိသေးလျှင် ထိုမယား၏ အမည်နှင့် နေရပ်။

**အပိုင်း(၂)**

(က) (တစ်ဖက်သူ၏)အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) အကြောင်းကြားစာပေးပို့သည့် နေ့ရက်မတိုင်မီနေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည်-
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်)အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) အသက် ၂၀ နှစ်မပြည့်သေးလျှင် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဎ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

(လက်မှတ်)

**မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်**

အထက်ပါအကြောင်းကြားစာ အပိုင်း(၁)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ အပိုင်း(၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း ကျွန်ုပ်---က ထွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင်ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင် ယင်းသို့သောဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်ုပ်က ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင် သော်လည်းကောင်း သို့တည်းမဟုတ် ယုံကြည်လျှင်သော်လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်ုပ်မှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

(လက်မှတ်)

အောက်ပါသက်သေတို့ရှေ့တွင်

(၁) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

(၂) (လက်မှတ်)
(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါ ဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူက ဝန်ခံသည့်ပြင် ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့်သက်သေ ၂ ဦး ရှေ့၌ လည်းကောင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်)
ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

**စာမျက်နှာ ၁၆ သို့**





**တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်းမကြီး၊ အမှတ်(၆၄၃/ခ)ရှိ မြေကွက်+အဆောက်အအုံနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၆၄၃/ခ)၊ မြေအကျယ် ပေ(၂၀×၆၀)၊ မြေကွက်တည်နေရာအိမ်အမှတ်(၆၄၃/ခ)၊ သံသုမာလမ်းမကြီး၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြေသည် ကွယ်လွန်သူ မိခင် ဒေါ်ကံမြင့်၏ ဂရန်အမည်ပေါက် မြေကွက်ဖြစ်ပါသည်။ မိခင်ကြီး ဒေါ်ကံမြင့် ကွယ်လွန်ချိန်တွင် ဒေါ်ကံမြင့်၏ အမွေဆက်ခံသူ သားသမီးအရင်းများဖြစ်သည့် ဦးမြင့်အောင်၊ ဦးမြင့်လွင်၊ ဦးမြင့်ကြည်၊ ဦးလေးနိုင်၊ ဒေါ်လေးလေးနွယ်တို့ ကျန်ရှိကြပါသည်။

အထက်ပါ မိခင်ကြီး အမည်ပေါက်မြေသည် သားသမီးအရင်း(၅)ဦးလုံး၏ အမွေဆိုင် မြေဖြစ်ပါ၍ အကြီးဆုံးသားဖြစ်သူ ဦးမြင့်အောင်၏ သာဘောတူညီချက်မပါရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ဒေါ်ကံမြင့်အမည်ပေါက်မြေအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အပေါင်ထားခြင်း၊ အာမခံထားခြင်း၊ လှူဒါန်းခြင်းတို့ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပြီး ဖြစ်ပါကလည်း အမွေဆိုင်အားလုံး၏ သဘောတူညီမှုနှင့်ပြုလုပ်ခဲ့ခြင်းမဟုတ်၍ တရားမဝင် ကြောင်းနှင့် ပြုလုပ်သူများအားတည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားသူ ညွှန်ကြားချက်အရ
ဦးမြင့်အောင် ဒေါ်စိုးစိုးအောင် ဒေါ်ချိုချိုမွေး
[၁၂/လမန(နိုင်)၀၃၁၉၆၀] (စဥ်-၂၇၇၃၈)(စဥ်-၂၈၈၇၆)
ဖုန်း-၄၂၀၄၇၀၃၀ အထက်တန်းရှေ့နေများ



**ခြံရောင်းမည်**

မ/ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းမကြီးနှင့် ကျောကပ်၊ လမ်းမကြီးနှင့်နီး၊ နေထိုင်ရန် သင့်တော်၊ စျေးသင့်သည့် ပေ(၄၀×၆၀) အကျိုးဆောင် ပွဲစားမလိုပါ။ ဆက်သွယ်ရန်ဖုန်း- ၄၂၀၀၉၃၄၈၅၊ ၃၀၁၆၇၁၆၂

# ကလေးမြို့နယ်တောင်ပိုင်းဒေသရှိ မြောင်းချောင်းရေလွှဲဆည် ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကလေး၊ ဒီဇင်ဘာ ၃**

ကလေးမြို့နယ် တောင်ပိုင်းဒေသရှိ မြောင်းချောင်းရေလွှဲဆည်မှ ရေသွယ်မြောင်းရေစီးရေလာကောင်းမွန်ရေး အကြီးစားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမြို့နယ်အတွင်းရှိ ခုံတိုးမြို့သာ၊ မြောက်စည်း၊ ကျော်ရွာ၊ တောင်စည်း၊ ရွာစည်ရွာသာ ကျေးရွာအုပ်စု ငါးအုပ်စုမှ တောင်သူများ၏ စုစုပေါင်းလယ်ယာမြေ ၂၆၄၄ ဧကအား မိုးစပါးအပြင် နွေစပါးနှင့် ဆောင်းသီးနှံများကိုပါ စိုက်ပျိုးထုတ်လုပ်ရန် ဆည်ရေသောက်လုံလောက်စွာ ရေပေးဝေနိုင်မည် ဖြစ်သည်။



အဆိုပါ ရေသွယ်မြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အကြီးစားပြုပြင်ရာတွင် ရေသွယ်မြောင်းကျဉ်းသည့်နေရာထပ်ချဲ့ခြင်းနှင့် ရေသွယ်မြောင်းတိမ်သည့်နေရာ ထပ်တူးခြင်းလုပ်ငန်းများကို စက်ယန္တရားကြီးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ယင်းလုပ်ငန်းသို့ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးမောင်ထူးသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ ဒီဇင်ဘာ ၁ ရက်ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြောင်းချောင်းမှ ရေသွယ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းသည် မိုးကောင်းသောက်လယ်ယာမြေများအား ရေသွင်းစိုက်ပျိုးနိုင်ရန်အတွက် မြောင်းချောင်းမှ မိုးကောင်းချောင်းအား ဖြတ်ကျော်၍ ရေသွယ်မြောင်းတူးဖော်ဖောက်လုပ်ခြင်းဖြစ်ပြီး မြောင်းအရှည် ၄၃၁၅၀ ပေ၊ မြောင်းအကျယ် ၁၅ ပေရှိပြီးမြောင်းကျဉ်းသည့်နေရာတွင် အကျယ်ခြောက်ပေရှိကာ မြောင်းအနက် ၂၈ ပေမှ ၁၃ ပေအထိရှိကြောင်း သိရသည်။

ယင်းသို့ မြောင်းချောင်းဆည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အလျား ၅၅၀၀ ပေခန့် ပြုပြင်ပြီးစီးခဲ့ပြီးဖြစ်သည့်အပြင် ယခုနှစ်တွင် ရေလွှဲဆည်ထိပ်ဝမှ ရေသွယ်မြောင်းတစ်လျှောက် ထပ်မံပြုပြင်ခြင်းအားဖြင့် ယခင်ထက်ရေစီးရေလာပိုမိုကောင်းမွန်လာမည် ဖြစ်သည်။

မြောင်းချောင်းရေသွယ်မြောင်း ဖောက်လုပ်ခြင်းအားဖြင့် မိုးကောင်းသောက်လယ်ယာမြေများအား ရေသွင်းစိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်များထက် မိုးစပါးလယ်တစ်ဧကလျှင် စပါးတင်း ၃၀ အထိ ပိုမိုထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်လာနိုင်သည့်အပြင် နွေစပါးနှင့် ဆောင်းသီးနှံများကိုပါ စိုက်ပျိုးထုတ်လုပ်လာနိုင်ခဲ့ပြီဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

**ဂျိုးနက်**

## နေရဉ္စရာမြစ်ဝှမ်း မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်း

**ကလေး၊ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ မြစ်သာမြစ်ဝှမ်းလွင်ပြင်နှင့် နေရဉ္စရာမြစ်ဝှမ်းဒေသများတွင် ဆောင်းသီးနှံအဖြစ် မြေပဲကိုအများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်တွင် မြေပဲခင်းများအောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့မှာက ရာသီဥတုသင့်တင့်ကောင်းမွန်တယ်လို့ ပြောလို့ရတယ်။ အရင်နှစ်တွေကဆို ရေကြီးရေလျှံဖြစ်ပြီး စိုက်ရပျိုးရတာ အဆင်မပြေချင်ဘူး။ ဒီနှစ်တော့ ရေမလျှံဘူးဗျ။ အဆင်ပြေတယ်။ မြေနုကျွန်းတွေမှာ တချို့ဆိုရင် ပဲတွေစိုက်ကြတယ်။

"နောက် နေကြာတွေစိုက်ကြတယ်။ ပြောင်းဖူးတွေစိုက်ကြတယ်။ မြေပဲကတော့ ဒီဘက်မှာ အများဆုံးစိုက်ပျိုးကြပါတယ်" ဟု မော်လိုက်ကလေးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါဒေသတွင် မြေပဲများကို အောက်တိုဘာလ နောက်ဆုံးပတ်ကတည်းက စိုက်ခဲ့ကြပြီး မြေပဲများ သိမ်းနုတ်ပြီးပါက နေကြာနှင့် ပဲများထပ်စိုက်ကြ၍ တချို့မှာ စားဖိုဆောင်သီးနှံများစိုက်ကြကြောင်း သိရသည်။

"မြေပဲကို အိမ်မှာဆီသီးသန့်စားချင်လို့ စိုက်တာရှိတယ်။ တချို့ကလည်း ငွေပေါ်ဖို့ ကလေးတို့ တမူးတို့ကို ရောင်းဖို့ စိုက်ကြတယ်" ဟု ယင်းဒေသမှ ဒေသခံတစ်ဦးကပြောသည်။

**လင်းလက်ကြယ်စင်**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုင်းချိတ်ဆက်ကြိုးများတပ်ဆင်

**ခင်ဦး၊ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အများပြည်သူများ ဓာတ်လိုက်ခံရမှုအန္တရာယ်ကင်းဝေးစေရန် လမ်းကျော် ၄၀၀ ဗို့ ဓာတ်အားလိုင်းများတွင် လိုင်းချိတ်ဆက်ကြိုး (Line Link Connection) များကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး လိုင်းဝန်ထမ်းများမှ တပ်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဦးမြို့အတွင်း လူသွားလူလာများသည့် ဈေးလမ်းပတ်လည်၊ ကျောင်းလမ်း၊ ဘူတာလမ်းနှင့် လမ်းမတော်တစ်လျှောက် အချက်အချာကျသောနေရာများတွင် လမ်းကျော် ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားကြိုးများ ပြုတ်ကျပါက ဓာတ်လိုက်ခံရမှုအန္တရာယ်မရှိစေရန်အတွက် လိုင်းချိတ်ဆက်ကြိုး (Line LinkConnection) များ တပ်ဆင်ရကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်စိုးက ပြောသည်။

**ခင်ဦးစိုးဝေ**

## ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးဆိုင်ရာ လုပ်ငန်းများနှင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာကဏ္ဍရပ်များ ရှင်းလင်း

**ညောင်တုန်း၊ ဒီဇင်ဘာ ၃**

ညောင်တုန်းမြို့တွင် ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် အမျိုးသားပညာရေးဥပဒေဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို နိုင်ဝင်ဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က အမျိုးသားပညာရေး ဥပဒေဆိုင်ရာကဏ္ဍများ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ဆရာ၊ ဆရာမများသင်ကြားရေးလုပ်ငန်းပိုင်းဆိုင်ရာညွှန်ကြားချက်များကို အသေးစိတ်ဆွေးနွေးရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်မြင့်က စတုတ္ထတန်း၊ အဋ္ဌမတန်း အကြိုစာမေးပွဲလုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီးနောက် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက စာမေးပွဲဆိုင်ရာကျင်းပရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အမျိုးသားပညာရေးဥပဒေဆိုင်ရာတွေ့ဆုံရှင်းလင်းပွဲနှင့် ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲသို့ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဒုတိယမြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အုပ်စုခေါင်းဆောင်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**


### သာသနာရေးဝန်ကြီးဌာန
### အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် သင်တန်းသား/သင်တန်းသူ အိပ်ဆောင်(၂)ဆောင်အား အကြီးစားပြင်ဆင် ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

(က) တင်ဒါရောင်းချမည့်ရက်နှင့်နေရာ - ၅-၁၂-၂၀၁၄ရက်မှ ၁၉-၁၂-၂၀၁၄ရက်အထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

(ခ) တင်ဒါတင်သွင်းရမည့်နေရာနှင့် နေ့ရက်၊ အချိန် - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ ၂၆-၁၂-၂၀၁၄ရက်၊ နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ

(ဂ) တင်ဒါဖွင့်မည့်နေရာနှင့်အချိန် - သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်၊ ၂၆-၁၂-၂၀၁၄ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်း၍ အဆောက်အအုံအား မျက်မြင်ကြည့်ရှုတိုင်းတာ တွက်ချက်နိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

### အမှတ်တရတွေ့ဆုံပွဲဖိတ်ကြားလွှာ

၁၉၇၀ ဒီဇင်ဘာ ရန်ကုန်တက္ကသိုလ်ရွှေရတု - မော်လမြိုင်ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်ခဲ့ကြသော ကောလိပ်ကျောင်းသူ၊ကျောင်းသားများနှင့် အခြေခံ(ထက်၊လယ်၊မူ)ကျောင်းသူ၊ ကျောင်းသားများ အားလုံး(အားလုံး) အထူးလေးစားဂုဏ်ယူစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်နေ့၊ ၆-၁၂-၂၀၁၄ရက်(စနေနေ့) |
| အချိန် | - မွန်းလွဲ ၁း၀၀နာရီ မှ ၄း၀၀နာရီအထိ |
| နေရာ | - စိတ်တိုင်းကျခန်းမ၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (လိုင်စင်ရုံးမှတ်တိုင်) |

ဆက်သွယ်ရန်- ဦးစောတင်ဝင်း ၀၉-၄၅၀၀၂၉၆၃၈ ၊ ဦးမြင့်လွင် ၀၉-၅၀၃၁၂၇၇
ဦးလှချစ် ၀၉-၇၉၅၅၂၂၇၄၃၊ ဦးအောင်စိန် ၀၉-၄၃၀၄၇၂၅၇

### မြန်မာနိုင်ငံပိုကုမ္ပဏီလီမိတက်

မြန်မာနိုင်ငံပိုကုမ္ပဏီလီမိတက်မှ ကျောက်သွေးစက်နှင့်ဆိုင်သော စက်ပစ္စည်း အဟောင်းများ/ကျောက်သွေးခုံအဟောင်းများအား မျက်မြင် စစ်ဆေးကြည့်ရှုပြီး ညှိနှိုင်းဈေးဖြင့် ရောင်းချလိုပါသည်။

| | | |
|---|---|---|
| ၁။ | ပစ္စည်းအမျိုးအမည် | - ကျောက်သွေးစက်ဟောင်းများ/ကျောက်သွေးခုံ အဟောင်းများ |
| ၂။ | ဈေးနှုန်း | - ညှိနှိုင်းဈေး |
| ၃။ | နေရာ | - အမှတ်(၂၂)၊ ပြည်သူ့လမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာနိုင်ငံပိုကုမ္ပဏီလီမိတက် ဖုန်း-၀၁-၆၅၆၅၈၀(လိုင်းခွဲ-၂၀၀) Fax-၀၁-၆၅၆၅၇၉တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

### တောင်ငူ GTI, EGTI, GTC, GTU
### ကျောင်းသား/သူများ၏ (၁၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက် နံနက် ၉နာရီ ယခုနှစ်တွင် တောင်ငူမြို့ ကန်ရိုးကျေးရွာရှိ ဒို့တစ်တွေ ပညာအတူ သင်ယူခဲ့တဲ့ ကျောင်း တော်ကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး ကျေးဇူးရှင်ဆရာကြီး/ဆရာမကြီးများအားလုံးကို ပူဇော်ကန်တော့နိုင်ရန်နှင့် ဒို့သူငယ်ချင်းများအားလုံး ကျောင်းတော်ကြီးတွင် ပြန်လည်ဆုံတွေ့နိုင်ရန် ဖိတ်ကြားလိုက်ပါတယ်။

ရပ်ဝေးရပ်နီး သူငယ်ချင်းများ အချိန်မီလာရောက်နိုင်ရန် နှိုးဆော်လိုက်ပါတယ်----

အလှူငွေကို အောက်ဖော်ပြပါသူငယ်ချင်းများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်----

| | |
|---|---|
| ကိုအေးကို-၀၉-၅၁၃၀၆၁၅(ရန်ကုန်) | ကိုနိုင်မင်းသူ-၀၉-၅၀၅၉၉၈၉(ရန်ကုန်) |
| ကိုနေမျိုး-၀၉-၅၀၀၆၃၁၄(ရန်ကုန်) | ကိုမြင့်နိုင်-၀၉-၅၁၁၄၂၆၂(ရန်ကုန်) |
| ကိုမြင့်စိုး-၀၉-၇၃၂၂၂၈၉၀(ပျဉ်းမနား) | ကိုခင်မောင်ဦး-၀၉-၅၁၅၂၆၂၆(ရန်ကုန်) |
| မခင်မာလာထွန်း-၀၉-၅၁၆၁၂၃၄(ရန်ကုန်) | ကိုအောင်ကျော်နိုင်-၀၉-၅၁၉၅၁၉၄(ရန်ကုန်) |
| မမာမာနွယ်-၀၉-၄၄၈၀၀၀၁၉၃(ရန်ကုန်) | မစန္ဒာသောင်း-၀၉-၅၁၇၁၂၇၅(ရန်ကုန်) |
| ကိုကျော်ကျော်လွင်-၀၉-၅၃၅၀၂၅၂(တောင်ငူ) | ကိုထွန်းမြင့်-၀၉-၅၁၉၇၀၉၈(နေပြည်တော်) |
| ကိုသန်းနိုင်-၀၉-၅၃၅၂၂၂၆(တောင်ငူ) | ကိုသိန်းထွန်းဦး-၀၉-၈၃၀၂၇၈၁(မန္တလေး) |

# ပင်လုံပြည်ထောင်စုကျောက်တိုင် အဆင့်မြှင့်ပြီးနောက် အပန်းဖြေ လေ့လာသူများ ယခင်ထက်ပိုမိုစည်ကားလာ



**ပင်လုံ၊ ဒီဇင်ဘာ ၃**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး သန္ဓေတည်ရာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပြည်မတောင်တန်း ပူးပေါင်းရေး စာချုပ်ကျောက်တိုင် (ပင်လုံ ပြည်ထောင်စုကျောက်တိုင်) ပန်းခြံအဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေနှင့် ရှမ်းပြည်နယ် စည်ပင်သာယာရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့က ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

ပင်လုံ ပြည်ထောင်စုကျောက်တိုင် ပန်းခြံ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးသည့် နောက်ပိုင်းတွင် ရပ်နီးရပ်ဝေးမှ ပြည်သူများက ယခင်ကထက်ပိုမိုများပြားစွာ လာရောက်လေ့လာ အပန်းဖြေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ပင်လုံမြို့သူမြို့သားတွေက ဆောင်းတွင်းနံနက်ပိုင်းမှာ ဒီစေတီတော်ရင်ပြင်ကိုပတ်ပြီး လမ်းလျှောက်တာ၊ အပြေးလေ့ကျင့်တာတွေ လုပ်ပါတယ်။ ပြီးရင် ကျောက်တိုင်အနီးမှာ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းတွေကို ပြုလုပ်ကြပါတယ်။ ညနေပိုင်းမှာတော့ အားကစားဝါသနာပါတဲ့ လူကြီး လူငယ်များက စေတီတော်ပတ်လမ်းမှာ ဝိုင်းခြင်းခတ်တာ၊ ဘောလုံးကန်တာတွေနဲ့ တခြား အားကစားတွေလုပ်ကြတော့ နေ့တိုင်းစည်ကားနေပါတယ်။ အဝေးက ဧည့်သည်တွေလည်း လာရောက်လေ့လာကြပါတယ်။ တစ်နည်းအားဖြင့်တော့ အောင်မြေနင်းကြတယ်လို့ဆိုကြတယ်" ဟု ယင်းမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

**မိုးလွင်ဦး(လွိုင်လင်)**

## ဒီပဲယင်းမြို့နယ်တွင် စပါးဖြတ်ပိုးနှင့်စပါးဆစ်ပိုး ကာကွယ်နှိမ်နင်းရေးပညာပေးဟောပြော

**ဒီပဲယင်း၊ ဒီဇင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ကျော်က ဦးစီးကျင်းပပြုလုပ်သော စပါးဖြတ်ပိုးနှင့် စပါးဆစ်ပိုးကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရန်ကုန်) ဒေါက်တာစန်းစန်းဝင်း၊ ဖြတ်ပိုးပညာရှင် ဒေါ်ရီရီမြင့်နှင့် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံဒေါ်စန်းစန်းမြင့်တို့ လာရောက်ပြီး သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်) ဒေါက်တာစန်းစန်းဝင်းက ၂၀၁၄-၁၅ မိုးစပါးရာသီကာလတို့နှင့် ၂၀၁၅-၁၆ နွေစပါးနှင့်မိုးစပါး စိုက်ပျိုးရာသီတွင်ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းရေး နည်းလမ်းများကိုလည်းကောင်း၊ ဖြတ်ပိုးနှင့် ပတ်သက်၍ ဖြတ်ပိုး၏သဘာဝအားမသိဘဲ ဆေးဖျန်းခြင်းစနစ်နှင့် ဆေးအုပ်စုရွေးချယ်မှု မမှန်ကန်ခြင်း ဖြတ်ပိုးနှင့်ပတ်သက်၍ ကင်းထောက်မှတ်တမ်းယူပုံ၊ လိုအပ်ပါက သုံးစွဲသင့်သည့် ပိုးသတ်ဆေးအမျိုးအစား၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ကို ကျင့်သုံးစေခြင်း၊ ဒေသသုံး မီးထောင်ချောက်အား ညီညွတ်စွာထွန်းညှိစေခြင်း စသည့်ဘက်စုံပိုးမွှား ကာကွယ်နှိမ်နှင်းရေး နည်းစနစ်များအား ပညာပေး ဟောပြောဆွေးနွေးသည်။

ဆက်လက်ပြီး တိုင်းသီးနှံပိုးမွှား ကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်စွာအသုံးချနိုင်ရေးနှင့် အန္တရာယ်ကင်းရှင်းစွာကိုင်တွယ်သုံးစွဲရေးတို့ကို ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ မြို့နယ်စိုက်တိုးမြှင့် ညှိနှိုင်းရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု စာရေးများ စုစုပေါင်း ၁၇၈ ဦးတို့တက်ရောက်ခဲ့ကြပြီး ဖြတ်ပိုးပညာပေး ဗီဒီယိုမှတ်တမ်းခွေကို ပြသကာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ မရှင်းလင်းသည့် မေးမြန်းချက်များကို သီးနှံကာကွယ်ရေးဌာနခွဲ(ရန်ကုန်) ဒေါက်တာစန်းစန်းဝင်းက ပြန်လည်ဖြေကြားပေးခဲ့ကြောင်းသိရသည်။

**အောင်လင်း(ပြန်/ဆက်)**

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားဆုပေးပွဲကျင်းပ

**လွိုင်လင်၊ ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုပေးပွဲအခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၌ နိုဝင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ထိုသို့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုပေးပွဲအခမ်းအနားတွင် အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဂုဏ်ပြုဆုနှင့် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအားလည်းကောင်း၊ အခြေခံပညာမူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အထက်တန်းဆင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဂုဏ်ပြုဆုနှင့် ပထမ၊ ဒုတိယနှင့် တတိယဆုရှိသူများအားလည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုများအသီးသီးပေးအပ်ခဲ့ကြသည်။

အခမ်းအနားတွင် လွိုင်လင်မြို့ပေါ်ရှိ ကျောင်းစာကြည့်တိုက် ကိုးတိုက်အတွက် စာအုပ်စာတမ်းများ ဝယ်ယူရန် ကျောင်းစာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ဌာနဆိုင်များမှ ပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံရယူကြသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လွိုင်လင်ခရိုင်ဦးစီးအရာရှိ ဒေါ်စမ်းစမ်းအေး ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ခရိုင်လက်ထောက်ပညာရေးမှူးက လက်ခံရယူသည်။ ယင်းနောက် ကျောင်းစာကြည့်တိုက်များအတွက် အလှူငွေလှူဒါန်းသည့် ဌာနဆိုင်ရာများအား ခရိုင်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းငွေ ကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုင်းဆမ်တစ်က လက်ခံရယူသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်၌ ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကျောင်းသူတစ်ဦးနှင့် ကဗျာရွတ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကျောင်းသူတစ်ဦးတို့က စွမ်းရည်ပြသခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**



ဖတ်စရာ

# ဆောင်းရာသီ အပူကန်လည်ချောင်းနာခြင်းအတွက် လွယ်ကူမြန်ဆန် ဆေးမြီးတိုလေးများ

**à wifkufkufZmf**

ခန္ဓာကိုယ်အတွင်း အပူလွန်ကဲသူများဟာ ဆောင်းတွင်းရောက်တဲ့အခါ၊ အပူအအေးမမျှတတော့ဘဲ လည်ချောင်းနာလေ့ရှိပါတယ်။ လည်ချောင်းနာတဲ့ဝေဒနာဟာ လည်ချောင်းထဲကို မီးစနဲ့အထိုးခံရသကဲ့သို့ စူးရှပူလောင်စွာခံစားရပြီး ရေနှင့်တံတွေးတို့ကိုပင် မျိုချရန် ခက်ခဲပါတယ်။ ဝမ်းချုပ်ခြင်း၊ ရေသောက်နည်းခြင်း၊ ရေမချိုးခြင်းတို့ကလည်း ကိုယ်တွင်းအပူလွန်ကဲမှုကို တွန်းအားဖြစ်စေပါတယ်။ ဒါကြောင့် ဆောင်းတွင်းရောက်တဲ့အခါ သာမန်ထက်ရေပိုသောက်ပေးသင့်ပြီး ရေခဲနှင့် ရေခဲရေတို့ကိုတော့ လုံးဝရှောင်ရှားပေးရပါမယ်။ ပုံမှန်ရေချိုးနေကျအတိုင်း တစ်နေ့နှစ်ကြိမ် (သို့မဟုတ်) အနည်းဆုံးတစ်ကြိမ် နေ့စဉ်ရေချိုးပေးဖို့လိုပါတယ်။

ကိုယ်လက်လှုပ်ရှား လမ်းများများလျှောက်ခြင်း၊ ကောက်ညှင်းပေါင်းနှင့် ကောက်ညှင်းဖြင့်လုပ်ထားသော မုန့်များကိုရှောင်ခြင်း၊ ဟင်းနုနယ်ရွက်၊ မုန်ညင်းစိမ်းတို့လို အစိမ်းရောင်ရင့်ရင့် အမျှင်ဓာတ်များသော ဟင်းရွက်များကိုစားခြင်း၊ သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်တို့လို ဝမ်းပျော့စာတွေကို စားခြင်းဖြင့် ဝမ်းမချုပ်အောင် နေထိုင်သင့်ပါတယ်။

အကယ်၍ အပူတွေများပြီး လည်ချောင်းနာလာပြီဆိုရင်တော့ -

(၁) ဂျင်း(ချင်း)ပါးပါးခုနစ်လွှာကို ထန်းလျက်အညီသုံးလုံးထည့်ကာ ရေသုံးခွက်တစ်ခွက်တင်ကျို၍ သောက်ပါ။

(၂) ဟင်းလျာများတွင် ကြက်သွန်ဖြူများများထည့်ချက်ပါ (သို့မဟုတ်) ကြက်သွန်ဖြူများများထည့်၍ ဆန်ပြုတ်ကျိုသောက်ပါ။

(၃) ကင်ပွန်းချဉ်ရွက်ကို ဟင်းချို၊ ချဉ်ဟင်းချက်၍စားပါ။

(၄) ကြက်ဟင်းခါးသီးအခြောက်ကို ကျောက်ပျဉ်ပေါ်သွေး၍ နာနေတဲ့ လည်ချောင်းကို လိမ်းပေးပါ။ ကြက်ဟင်းခါးသီးပြုတ်ရည် သောက်ပါ။

(၅) ပျဉ်းတော်သိမ်းရွက် လက်တစ်ဆုပ်စာခန့်ကို ရေစင်စင်ဆေးပြီး အိုးသန့်သန့်မှာ သုံးခွက်တစ်ခွက်တင်ပြုတ်ပါ။ ၎င်းရေခပ်နွေးနွေးဖြင့် ပလုတ် (အာလုတ်) ကျင်းပေးပါ။ ချက်ချင်းထွေးမပစ်ဘဲ ငုံနိုင်သမျှငုံထားပါ။ (မျိုချရန်မလို။) အာသီးခြင်းအတွက်ကိုပါ ကောင်းကျိုးပြုပါတယ်။

(၆) ရေနွေးကို ပွက်ပွက်ဆူအောင်ကျိုပြီး ပင်စိမ်းရွက်ခတ်ကာ သောက်ပေးပါ (သို့မဟုတ်) ပလုတ်ကျင်းပေးပါ။

(၇) သံပရာသီးတစ်လုံးကို အစေ့ဖယ် အရည်မညှစ်ဘဲ ခပ်ပါးပါးအချပ်လေးတွေလှီးထားပါ။ ဂျင်း(ချင်း)လက်နှစ်ဆစ်ခန့်ကို အခွံနွှာပြီးနောက် ခပ်ပါးပါးအချောင်းမျှင်မျှင်လေးတွေ ရအောင်လှီးဖြတ်ပါ။) စောစောကလှီးဖြတ်ထားတဲ့ သံပရာသီးအလွှာချပ်လေးတွေနဲ့ ဂျင်း(ချင်း)အချောင်းလေးတွေကို ခြောက်သွေ့သန့်ရှင်းတဲ့ ဖန်ပုလင်းအလွတ်တစ်လုံးထဲမှာထည့်ပြီး ၎င်းတို့မြုပ်ရုံ ပျားရည်စစ်စစ်ကို အပေါ်ကလောင်းချပေးပါ။ ပြီးရင် ဖန်ပုလင်းကို လေလုံအောင်အဖုံးကို ကျပ်ကျပ်ပိတ်၍ ထိုအရောအနှောသုံးမျိုးကို ဂျယ်လီပုံစံပြောင်းသွားတဲ့အထိ ရေခဲသေတ္တာထဲမှာ သိမ်းထားရပါမယ်။ ဂျယ်လီဖြစ်လာတဲ့အခါ ၎င်းကို ဇွန်းနဲ့ခပ်ကာ မတ်ခွက်တစ်ခွက်ထဲပြောင်းထည့်ပြီး ရေနွေးဆူဆူလောင်းချ၍ ခပ်နွေးနွေးအနေအထားမှာ စားလို့ရပါပြီ။ ပျားရည်နဲ့ဓာတ်ပြုထားတာကြောင့် သံပရာခွံကိုဝါးစားလို့ရပါတယ်။ ၎င်းအချိုးအစားအတိုင်း တစ်နေ့တစ်ကြိမ်ကျ သောက်ပေးခြင်းဖြင့် သုံးရက်မျှကြာတဲ့အခါ အပူကန်လည်ချောင်းနာများ ပျောက်ကင်းသွားပါလိမ့်မယ်။ (ပုလင်းဖုံးလုံလုံပိတ်ပြီး ရေခဲသေတ္တာထဲမှာ နှစ်လ၊ သုံးလကြာတဲ့အထိ သိမ်းထားလည်း ဆေးဓာတ်မပြယ်နိုင်ပါဘူး။)

(၈) မန်ကျည်းသီးမှည့်ကို ဆား၊ အညိုရောင်ထန်းလျက်တို့ဖြင့် ဖျော်ရည်လုပ်သောက်ပြီး ၎င်းမန်ကျည်းသီးအဖတ်တွေကို ဝါးစားပါ။ (ရေခဲမထည့်ရ။)

(၉) သံပရာရည်ကို အပူပေး၍၊ ပျားရည်ဖြင့်ရော၍ လျက်ပေးပါ။

(၁၀) ဒန့်သလွန်ပင်မြစ်ကို ထုထောင်းကြိတ်ချေ၍ အရည်ကိုညှစ်ယူကာ စားပွဲတင်ဇွန်း တစ်ဇွန်းခန့် နေ့စဉ်သောက်ပါ။ လည်ချောင်းနာသာမက အသံဝင်၊ အသံပျက်ခြင်းကိုလည်း ပျောက်ကင်းစေနိုင်ပါတယ်။

(၁၁) ဆီးဖြူရွက်ကို ရေနှင့် သုံးခွက်တစ်ခွက်တင်ကျို၍ အာလုပ် (ပလုတ်)ကျင်းပေးပါ။ လျှာကွဲ၊ ပါးစပ်ကွဲ (ကျိုးကန်းပါးစပ်) တွေကိုပါ ပျောက်ကင်းစေပါတယ်။

(၁၂) ဧကရာဇ်ပင်၏ အမြစ်ကိုသွေး၍ ဆန်ဆေးရည်နဲ့ သောက်ပါ။

(၁၃) စိမ်းစား၊ ဖရဲသီး စားပါ။

(၁၄) စွန်ပလွန်သီးမှည့် (သို့မဟုတ်) စွန်ပလွန်သီးယို စားပါ။

(၁၅) ခရမ်းကစော့သီးစားပါ (သို့မဟုတ်) ခရမ်းကစော့သီးပင်၏ အရွက်ပြုတ်ရည်သောက်ပါ။

(၁၆) ခံတက်ရွက်သုပ်စားပါ (သို့မဟုတ်) ခံတက်ရွက်ပြုတ်ရည်သောက်ပါ။

(၁၇) ကြောင်ပန်းရွက်သုပ်စားပါ (သို့မဟုတ်) ကြောင်ပန်းရွက်ပြုတ်ရည်သောက်ပါ။

(၁၈) ကန်စွန်းရိုးနီကို အညိုရောင်ထန်းလျက်ဖြင့် ပြုတ်သောက်ပါ။

(၁၉) ရေခပ်နွေးနွေး ခွက်တစ်ခွက်ထဲကို ဆားလက်ဖက်ရည်ဇွန်းဖြင့် လေးပုံတစ်ပုံခန့်ထည့်ပါ။ ထိုအရောအနှောထဲကို ပိုးသေစေနိုင်သော အာနိသင်ဖြစ်အောင် လစ်စထရင်း ပလုတ်ကျင်းဆေးရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းထည့်၍ ပလုတ်(အာလုတ်)ကျင်းပါ။ (မျိုမချပါနှင့်။)

## ကြံခင်း၌ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး စံပြကွက်ရိတ်သိမ်းခြွေလှေ့

**ကြံခင်း၊ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ကွင်းအမှတ် (၅၉) ဦးပိုင် အမှတ်(၃၇/၁) ကွင်း၌ တောင်သူဦးခင်မောင်သန့် ပိုင်ဆိုင်သောလယ်မြေ ၁၀ ဧကတွင် မိုးစပါး ပုလဲသွယ်စပ်မျိုး စပါးစံပြကွက် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၅ ရက်နံနက် ၈နာရီကကျင်းပရာ တစ်ဧကလျှင် ၁၅၂ ဒသမ ၁၀ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

ထို့နည်းတူ ကွင်းကြီးအုပ်စု မှန်ကွင်းကျေးရွာကွင်းအမှတ် (၁၃၂က)ဦးပိုင် အမှတ်(၁၅၈) ကွင်း၌ တောင်သူဦးမောင်ဆန်းပိုင်ဆိုင်သော လယ်မြေ ၆ ဒသမ ၅၀ ဧကတွင် ဧရာမင်းစပါးမျိုးသန့် RS ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၂၇ရက်နံနက် ၈နာရီကကျင်းပရာ တစ်ဧကလျှင် ၁၁၁ ဒသမ ၂၉ တင်းနှုန်းထွက်ရှိသဖြင့် ယခုနှစ်အထွက်နှုန်းသည် ယခင်နှစ်အထွက်နှုန်းထက်ပိုမို အထွက်နှုန်းကောင်း ကြောင်းသိရသည်။

အဆိုပါ စံပြရိတ်သိမ်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ရပ်/ကျေး အုပ်ချုပ်ရေး မှူးများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးမှူးနှင့် ဝန်ထမ်းများ ရပ်၊ကျေးဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဝင်များနှင့် ဒေသခံတောင်သူများတက် ရောက်ကြသည်။

**မသူ(ပြန်/ဆက်)**

## ထရန်စဖော်မာအသစ်တည်ဆောက်၍ လျှပ်စစ်ဓာတ်အားလွှတ်ပေး

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် လိုင်းဝန်ထမ်းများက ရပ်ကွက်နေ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ယခုရက်ပိုင်းတွင် လေးထောင့်ကန်ရပ်ကွက် လေးထောင့်ကန်လမ်းနှင့် ဖြတ်လမ်း(၁)လမ်း ထောင့်၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် SI လုပ်ငန်းဖြစ်သော (၁၁-၆. ၆/၀. ၄)ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တည်ဆောက်၍ ဓာတ်အားလွှတ်ပေးခဲ့သည်။

မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၃၁၅ ကေဗွီအေ ထရန်စဖော်မာခြောက်လုံး၊ ၂၀၀ ကေဗွီ အေထရန်စဖော်မာနှစ်လုံး စုစုပေါင်း ထရန်စဖော်မာ ရှစ်လုံးတည်ဆောက်ဓာတ်လွှတ်ပေးနိုင်ခဲ့ပြီး ဗို့အားကျဆင်းသော နေရာများ၌ ၂၀၀ ကေဗွီအေထရန်စဖော်မာခြောက်လုံး ဆက်လက်တိုးချဲ့တည်ဆောက် ဓာတ်အားလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မွေးမွေး-သဃ်န်းကျွန်း)**




## တောင်ဥက္ကလာပမြို့နယ်တွင် ဓမ္မပူဇာသဘင်ကျင်းပမည်


**ရန်ကုန် ဒီဇင်ဘာ ၂**


ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယ(၂၂)လမ်းထိပ်တွင် ဗုဒ္ဓဟူးဆွမ်းပါတ် မိသားစု၏ ပထမအကြိမ် ဆွမ်းလောင်းအောင်ပွဲ ဓမ္မပူဇာသဘင်ကို ဒီဇင်ဘာ၌ ကျင်းပမည်ဖြစ်ရာ ၁၃၇၆ ခုနှစ် နတ်တော်လပြည့်နေ့ ဒီဇင်ဘာ ၆ ရက် (စနေနေ့) ညတွင် ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တကေလာသက တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်းသိရသည်။

**သိန်းဝင်းကို**

ဥတုရာသီ
တောကိုမိုး၏








### ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၁၁-၂၀၁၄ရက် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၈)ပါ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် ကြော်ငြာတွင် ၂၀၀၄-၂၀၀၅ပညာသင်နှစ်မှ စတင်၍ ၂၀၁၃-၂၀၁၄ပညာသင်နှစ်ဟု ပြင်ဆင်ဖတ်ရှု ပါရန်။




### ရန်ကုန်မြို့ ၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၁၄)နေ ဒေါ်ခင်မေစု[၁၂/သဃက(နိုင်)၁၂၅၂၉၈]နှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာခြင်း

ကျွန်ုပ်အမှုသည် ဒေါ်သိန်းတင်မွေး [၇/လပတ(နိုင်)၁၁၃၃၂၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ဖြေရှင်းကြေညာအပ် ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)သမိုင်း၊ မြေကွက်အမှတ်(၂)၊ ဧရိယာ(၂. ၀၉၅)ဧကရှိမြေပိုင်မြေတစ်ကွက်လုံးကို ဒေါ်ခင်မေစုကိုယ်တိုင် ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး(၄)ရုံးတွင် ၂၀၀၇ ခုနှစ်၊ တရားမကြီးအမှုအမှတ်(၄၂၆)ဖြင့် တရား စွဲဆိုခဲ့ရာ ၂၇-၁၀-၂၀၀၉ ရက်တွင် စရိတ်နှင့်တကွ ပလပ်ခြင်းခံခဲ့ရပါသည်။

ဒုတိယအကြိမ် ဒေါ်ခင်မေစုကိုယ်တိုင် အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်၌ တရားမအထွေထွေအမှုအမှတ် (၇၂/၂၀၁၂ခုနှစ်)တွင် တရားမအထွေထွေလျှောက်ထားမှုကို ဒေါ်ခင်မေစုကိုယ်တိုင် ခွင်းချက်မရှိ ရုပ်သိမ်းခဲ့ပြီး သက်ဆိုင်ရာ တရားရုံးတော်မှ ၁၉-၉-၂၀၁၂ရက်စွဲပါ အမိန့်ဖြင့် ခွင်းချက်မရှိ ရုပ်သိမ်းခွင့်ပြုသည့် အမိန့်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

ကျွန်ုပ်အမှုသည်၏ ပိုင်ဆိုင်မှုအခွင့်အရေးကို ထိခိုက်နစ်နာဆုံးရှုံးစေရန် ရည်ရွယ်ချက်ဖြင့် ဆက်လက်နှောင့်ယှက်မည်ဆိုပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်မေစုသည် ဖြစ်ရပ်မှန်များ ဖုံးကွယ်ပြီး ကျွန်ုပ်အမှုသည်၏ပိုင်ဆိုင်မှုအခွင့်အရေးကို ထိခိုက်နစ်နာဆုံးရှုံးစေရန် ဆောင်ရွက်နေခြင်းကို အမြန်ဆုံးရပ်တန့်ပေးရန်နှင့် ၂၂-၁၁-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ ကြော်ငြာအား (၃)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန် ဒေါ်ခင်မေစု နှင့် အများသိစေရန် ပြန်လည်ဖြေရှင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့် (**B.A,H.G.P**)
အထက်တန်းရှေ့နေ (စဉ်-၁၀၂၀၅/၈၅)
အမှတ်(၂၃)၊ ဦးဘအိုလမ်းသွယ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။


Nurturing Future Leaders
EC
Since 1998
EC ကိုယ်ပိုင်အထက်တန်းကျောင်း
EC : The Prestigious School of Future Leaders
17th
ANNIVERSARY
ဘာသာစုံဂုဏ်ထူးရှင်
Top Ten
Top 12
ဘာသာစုံဂုဏ်ထူးရှင်
EC
Sedona Hotel Grand Ballroom
www.facebook.com/ecprivatehighschool

# နှစ်စဉ် ရသုံးမှန်းခြေရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၃**

ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် ကမ္ဘာ့ဘဏ်တို့၏ နှစ်စဉ် ရသုံးမှန်းခြေရေးဆွဲဆောင်ရွက်ခြင်းအပေါ် စိစစ်သုံးသပ်ရမည့်လုပ်ငန်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် လွှတ်တော်ရုံး ရုံးအမှတ်(၂၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

